**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ



# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိမြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၄)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
၂၀၂၆ ခုနှစ်၊ မေ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာကော်မတီအတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာကော်မတီအတွင်းရေးမှူး H.E. Mr. Xu Qin ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာကော်မတီအတွင်းရေးမှူး H.E. Mr. Xu Qin ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။


စာမျက်နှာ ၅ ကော်လံ ၁ ✭


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးကျင်းပ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား


စာ - ၁၆ သို့



Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရယူနိုင်ပါပြီ။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



# အယ်ဒီတာ့အာဘော်

(၂၀၁၆ ခုနှစ်၊ ဧပြီ ၂၂ ရက်)

## နိုင်ငံတော်နှင့်ပြည်သူအတွက် ကောင်းကျိုးဝေဖြာ ရက်ပေါင်းတစ်ရာ

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထား၍ ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ တိုင်းပြည်အတွင်းနေထိုင်ကြသော ပြည်သူများအနေဖြင့်လည်း စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နေကြရန်နှင့် အလုပ်လုပ်ကြရန်ဖြစ်သည်။ တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအချက်မှာ နိုင်ငံတော်အတွင်း လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ရက်ပေါင်း(၁၀၀)အတွင်း ဆောင်ရွက်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဧပြီလ ၂၀ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် **"ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးလိုချင်ပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိရင် ဖွံ့ဖြိုးရေးကိစ္စဆိုတာ ဘာမှလုပ်လို့မရဘူး။ ငြိမ်းချမ်းရေးလုပ်မှသာ၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းက လုပ်လို့ရတယ်။ ရှေ့ကတည်ဆောက်ရေးလုပ်ငန်းလုပ်သွား နောက်ကအဖျက်လုပ်ငန်းတွေပါလာလို့ရှိရင် သမင်မွေးရင်း၊ ကျားစားရင်းဆိုသလိုဖြစ်နေမှာပေါ့။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ငြိမ်းချမ်းရေးမှာလည်း မဖြစ်နိုင်တာတွေလျှောက်တောင်းဆိုပြီးတော့မှ ကိုယ့်အဖွဲ့အစည်းတည်တံ့ခိုင်မြဲရေးအတွက် လုပ်နေတယ်ဆိုလို့ရှိရင်တော့ မှားသွားမယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်သင့်လုပ်ထိုက်တာတွေကိုတော့ နိုင်ငံတော်အနေနဲ့လည်း လုပ်ရမှာတွေရှိလာပါလိမ့်မယ်"**ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မည့်ကိစ္စများနှင့်ပတ်သက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများကို ချေးငွေနှုန်းထား တိုးမြှင့်ရေးစီမံချက်အနေဖြင့် စပါး၊ ဂျုံ၊ ချည်မျှင်ရှည်ဝါတို့နှင့်ပတ်သက်၍ ၃ သိန်းအထိလည်းကောင်း၊ အခြားသီးနှံ ၁၈ မျိုးကို ၂ သိန်းခွဲအထိလည်းကောင်း၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော်တို့နှင့်ပတ်သက်၍ တစ်သိန်းခွဲအထိလည်းကောင်း တိုးမြှင့်ချေးပေးမည်ဖြစ်သည်။ အလားတူ လယ်ယာသုံးစက်ကိရိယာ ချေးငွေနှင့်ပတ်သက်၍ ကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍနှင့် ကျပ်သိန်း ၃၀၀၀ အထက်ဖြစ်ပါက တစ်ကဏ္ဍပေးမည်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ အနီးစခန်းလေဆိပ်အဆင့်မြှင့်တင်ခြင်းကို ပြီးပြတ်အောင် ဆောင်ရွက်မည်ဖြစ်သည်။

ပို့ကုန်နှစ်ဆတိုးမြှင့်ရေးနှင့်ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေဖြင့် သိုလှောင်ရုံများကို ဦးစားပေးအနေဖြင့် တည်ဆောက်ခြင်း၊ ရထားလမ်းများ ကောင်းမွန်ရေးအတွက်ရထားလမ်းများအားလုံးကိုတတ်နိုင်သရွေ့ အဆင့်မြှင့်တင်ခြင်း၊ ရန်ကုန်-မန္တလေးလမ်း၊ ရန်ကုန်-မော်လမြိုင်လမ်း၊ ရန်ကုန်-ပြည်လမ်းတို့ကို အဆင့်မြှင့်တင်ခြင်း၊ မြစ်ကြီးနား-မိုးကောင်း-မိုးညှင်း ရထားလမ်း၌လည်း တံတားပြင်ဆင်ခြင်း၊ လမ်းပြင်ဆင်ခြင်းများဆောင်ရွက်ပေးမည်ဖြစ်သည်။ ရထားလမ်းများအပြင် ရထားစက်ခေါင်းများ၊ တွဲများ၊ စက်ရုံများ အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ မိုဘိုင်းစခန်းအသစ် ၂၇ ခုကို တိုးချဲ့ပေးမည်ဖြစ်ပြီး မိုဘိုင်းစခန်း ၉ ခု၌ 4G LTE အဆင့်သို့ မြှင့်တင်ပေးသွားမည်ဖြစ်သည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်း၊ ဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေနှင့်စိုက်ပျိုးရေရရှိရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် သုတေသနစွမ်းရည်မြှင့်တင်သည့်ရှေ့ပြေးတက္ကသိုလ်များကို တည်ဆောက်ပေးသွားမည်ဖြစ်ပြီး အဓိကအားဖြင့် Nay Pyi Taw State Academy၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့တွင် Research and Activation များကို ရှေ့ပြေးတက္ကသိုလ်များအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် လာမည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ အလယ်တန်းပညာအဆင့်တွင် စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရပ်များကို ထည့်သွင်းသင်ကြားပေးသွားမည်။ ပြည်သူ့နီတိနှင့် စာရိတ္တပညာရပ်များကိုလည်း အခြေခံပညာကျောင်းများတွင် အဓိကအနေဖြင့် လူငယ်များ အကျင့်စာရိတ္တမြင့်မားစေရေးအတွက် ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်သည်။ ဗလငါးတန်နှင့်ပြည့်ဝသည့် ကျောင်းများဖြစ်စေရေးအတွက် အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football for School Program ကိုလည်း အားကစားရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့နှင့်ပေါင်းစပ်၍ ရက်ပေါင်း ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့အတွင်းရှိ ကျောင်းများ၌ Pilot Project အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ မူကြိုကျောင်းများကို အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ၅၀ တွင် ဒုတိယကျန်းမာရေးဦးစီးမှူးများခန့်အပ်၍ ကျန်းမာရေးမြှင့်တင်ခြင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့ရှိ နှလုံးဆေးကုသရေးဌာနများတွင် လူနာတစ်သိန်းအတွက် နှလုံးရောဂါကာကွယ်ရေးအန္တရာယ်အကဲဖြတ်ပေးသည့် ဆေးကုသမှုများကို တရုတ်နိုင်ငံနှင့်ပူးပေါင်း၍ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သူနာပြုကျောင်းများကိုသူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အခြားကဏ္ဍပေါင်းစုံတိုးတက်ရေးကိုလည်း အောင်မြင်အောင်ဆောင်ရွက်ပေးမည်ဖြစ်ရာ နိုင်ငံတော်နှင့် ပြည်သူအတွက် ကောင်းကျိုးဝေဖြာ ရက်ပေါင်း ၁၀၀ အဖြစ်ဂုဏ်ယူပါကြောင်း။ ။

## ကျွန်းလှမြို့နယ်၌ နေကြာစိုက်ခင်းများရိတ်သိမ်းပြီးစီး

ကျွန်းလှ ဧပြီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် နေကြာစိုက်ခင်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရသိရသည်။

ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ၁၂၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းကြရာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ နေကြာသီးနှံ ၁၂၃၁ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နေကြာခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးခဲ့တယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်၌ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို ပို့ချဆောင်ရွက်ပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ နေကြာသီးနှံစိုက်ပျိုးသည့် တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

## ညောင်ဦးမြို့၌ မီးဘေးအန္တရာယ်ကင်းဝေးရေး ကွင်းဆင်းစစ်ဆေး

ညောင်ဦး ဧပြီ ၂၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မဏိစည်သူဈေးကြီးအား ပွင့်လင်းရာသီကာလ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် ဧပြီလ ၂၀ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာပေးခြင်းနှင့် အကြံပြုစစ်ဆေးခြင်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် ဝန်ထမ်းများ၊ လျှပ်စစ်ဝန်ထမ်းများ ပူးပေါင်းပြီး ပြည်သူများကိုတွေ့ဆုံ၍ ပွင့်လင်းရာသီကာလ ဈေးမီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး၊ မီးလောင်လျှင်လုပ်ဆောင်ရမည့် မီးဘေးလုံခြုံရေးဆိုင်ရာများနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းစနစ်များကို အသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ဈေးအတွင်းအပြင်ရှိ ဈေးဆိုင်ခန်းများအလိုက် မီးဘေးလုံခြုံစိတ်ချရမှု ရှိ/ မရှိ၊ ဈေးမီးဘေးလုံခြုံရေးအတွက် စီစဉ်ထားသည့် မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်အနေထား အသုံးပြုနိုင်အောင်ဆောင်ရွက်ထားရှိမှုများနှင့် မီးသတ်ရေလှောင်ကန်ရေအပြည့်ဖြည့်တင်းထားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အထူးဂရုပြု လိုက်နာဆောင်ရွက်သွားကြရန် အကြံပြုဆွေးနွေးမှာကြားကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၁၀။ | ၁၃:၁၅ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၂။ | ၀၆:၄၅ | ဓမ္မပူဇာတေး | | | |
| ၃။ | ၀၇:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ | ၁၁။ | ၁၄:၃၅ | အဟောင်းထဲမှအကောင်းဆုံး တေးသီချင်းကဏ္ဍ |
| ၄။ | ၀၇:၁၀ | ကိုယ်လက်လှုပ်ရှား အားကစား | ၁၂။ | ၁၈:၂၀ | ကဏ္ဍစုံလင်ဖွံ့ဖြိုးရေး ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေး |
| ၅။ | ၀၈:၃၀ | မောင်မယ်လေးများသိစေချင် | | | |
| ၆။ | ၀၈:၄၅ | မှတ်သားလိုက်နာပုံပမာ | ၁၃။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း** |
| ၇။ | ၁၀:၃၀ | စိုက်ပျိုးသုတ | | | **ပုဂံမှာသာတဲ့လ (ပထမပိုင်း)** |
| ၈။ | ၁၁:၅၅ | မြန်မာ့လက်သံ | | | **သရုပ်ဆောင်-ရန်အောင်၊ မေသန်းနု** |
| ၉။ | ၁၂:၃၀ | ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း | | | **ဒါရိုက်တာ-မြတ်တင်အေး** |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ညောင်ဦးမြို့နယ်၌ ဆိုလာမြစ်ရေတင်စနစ်ဖြင့် နွေစပါးဧက ၂၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်



ညောင်ဦး ဧပြီ ၂၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ဆိုလာမြစ်ရေတင်စနစ်ဖြင့် နွေစပါးဧက၂၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ ဆိုလာမြစ်ရေတင်စနစ်ဖြင့် နွေစပါးစိုက်ပျိုးရန် ယခုနှစ် ဖေဖော်ဝါရီလက စတင်ပျိုးထောင်ခဲ့ပြီး ဧပြီလပထမပတ်မှစ၍ ရွှေ့ပြောင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ ဆိုလာမြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးသည့် စပါးမျိုးများမှာ ဆင်းသုခ၊ မနောသုခ၊ GW-11၊ အောင်နိုင်တိုးစပါးမျိုးများဖြစ်ပြီး စိုက်ပျိုးပြီးချိန်မှစ၍ စပါးတစ်သီးရင့်မှည့်ချိန်အထိ ငါးလခန့်ကြာမြင့်ကြောင်းနှင့် ဆိုလာမြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးသည့်စပါးများ အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

ထို့ပြင် နွေစပါးစိုက်ပျိုးရာတွင် ဧကပြတ်စိုက်ပျိုးနည်းနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်းတို့ဖြင့် စိုက်ပျိုးကြကြောင်း၊ ညောင်ဦးမြို့နယ်၌ ငါ့သရောက်ဆိုလာမြစ်ရေတင်စနစ်ဖြင့် ၇၅ ဧက၊ လက်ပံခြေပေါ်ဆိုလာမြစ်ရေတင်စနစ်ဖြင့် ဧက ၉၀၊ သူကောင်းတည်ဆိုလာမြစ်ရေတင်စနစ်ဖြင့် ၅၅ ဧက စုစုပေါင်းဆိုလာမြစ်ရေတင်စနစ်ဖြင့် ဧက ၂၂၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ဒီပါလင်း

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် တစ်သောင်းကျော်တင်ပို့နိုင်

ရန်ကုန် ဧပြီ ၂၁

ပြည်ပသို့ ရေထွက်ကုန်များ တင်ပို့လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် တစ်သောင်းကျော်တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

"၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်ကနေ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း ပြည်ပကို ပုစွန်မက်ထရစ်တန် ၁၀၅၈၁ ဒသမ ၅၂၄ တန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၁၃၆ သန်းရရှိခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၉၅၉၃ ဒသမ ၅၉၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၇၅၂ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၉၈၇ ဒသမ ၉၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၈၄ သန်းရရှိသည့်အတွက် စုစုပေါင်းပုစွန်မက်ထရစ်တန် ၁၀၅၈၁ ဒသမ ၅၂၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၁၃၆ သန်းရရှိကြောင်း သိရသည်။

ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပုစွန်မက်ထရစ်တန် ၉၁၄၆ ဒသမ ၆၁၅ တန်တင်ပို့ခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ကာလတူတွင် ပုစွန်မက်ထရစ်တန် ၁၄၃၄ ဒသမ ၉၀၉ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။

ပြည်တွင်းမှ ပုစွန်အပါအဝင် ငါး စသည့်ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်နိုင်ငံ စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှ



တစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်မှုမှလည်း တိုက်ရိုက်တင်ပို့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်စုစုပေါင်း မက်ထရစ်တန် ၄၆၃၇၈၈ ဒသမ ၃၉ တန်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၈၉ ဒသမ ၁၅ သန်းရရှိထားကြောင်း သိရသည်။

စောယု

# ကုသိုလ်ပြု သွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတွင် ဒသမအကြိမ်မြောက် ကုသိုလ်ပြုသွေးလှူဒါန်းပွဲကျင်းပမည်ဖြစ်ပြီး ပါဝင်လှူဒါန်းလိုသူများကို ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါ ကုသိုလ်ပြုသွေးလှူဒါန်းပွဲကို ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတွင် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ ကြီးမှူး၍ ဧပြီလ ၂၆ ရက်တွင် ဆိပ်ကမ်းလုပ်သားပေါင်းစုံမဏ္ဍပ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသွေးလှူဒါန်းပွဲတွင် စေတီတော်ဝန်ထမ်းများနှင့် ဘုရားဖူးလာရောက်သူများပါ ကုသိုလ်ပြု၍ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ၏ နဝမအကြိမ်မြောက် သွေးလှူဒါန်းပွဲကိုလည်း အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

ဖြူဖြူ

# မိုးညှင်းမြို့၌ မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်လှစ်



မိုးညှင်း ဧပြီ ၂၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ရှိ မိုးညှင်းတက္ကသိုလ်၌ မူလတန်းပြဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းကို ဧပြီလ ၂၀ ရက်က ဖွင့်လှစ်သည်။

ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ကျော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မိုးညှင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနိုင်နိုင်လတ်က အင်္ဂလိပ်စာသည် နိုင်ငံတကာတွင် အလွန်အရေးပါသော ဘာသာစကားဖြစ်ပြီး ပညာရေးကဏ္ဍတွင်လည်း အင်္ဂလိပ်စာကျွမ်းကျင်မှုသည် ဆရာ၊ ဆရာမများအတွက် မရှိမဖြစ်လိုအပ်ကြောင်းနှင့် ဆရာ၊ ဆရာမများ အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ရေးအတွက် စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ခရိုင်/မြို့နယ်အဆင့် ပညာရေးဌာနမှ တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းပို့ချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ကြပြီး အင်္ဂလိပ်စာဌာနမှ တွဲဖက်ပါမောက္ခ ဦးဆောင်၍ Level-1 တက်ရောက်ထားသော အခြေခံပညာမှ နည်းပြဆရာ၊ ဆရာမငါးဦးနှင့်အတူ ဧပြီလ ၂၀ ရက်မှ မေလ ၂၂ ရက်အထိ သင်တန်းဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

ရွှေမိုးညှင်း

## မြဝတီ ကာတွန်း



# အရိပ်

**မစန္ဒာ**

**"စုလှိုင်သည် ကတ်ကြေးကိုင်ကာ ပန်းခြံထဲသို့ ဆင်းလာခဲ့သည်။ အိမ်ဘေးတွင်ရှိသော ဆောင်တော်ကူးပန်းရုံကြီးသည် စိမ်းမြမြအရွက်များနှင့် ဝေဆာနေသည်။ ပွင့်ချိန်မဟုတ်သောကြောင့် အဖူးအပွင့်များကိုမူ မတွေ့ရပေ။ ထိုပန်းနွယ်ရုံကြီးကိုငေးကြည့်ရင်း အယ်မာကိုသတိရလာသည်။ တစ်ခါက ထိုပန်းများကို ကျောင်းသို့ယူသွားဖူးသည်။ အယ်မာသည် ပျော်ရွှင်စွာခုန်ပေါက်ပြီး ပန်းများကို ပွေ့ယူသွားခဲ့လေသည်။ သူ့ဆံပင်တိုတိုလေးတွင် မရမကပန်ဆင်ရင်း ရယ်မောနေသော အယ်မာ့မျက်နှာနုနုလေးကို ပြန်ပြီးမြင်ယောင်လာသည် . . ."**

**ယမန်နေ့မှအဆက်**

'လာလာ မငွေမြ၊ ဒို့တွေ နောက်ဖေးပြောင်းနေရအောင်၊ အိမ်ရှေ့က မန်ကျည်းပင်ကြီး စိတ်မချရဘူး၊ တော်ကြာ လဲပြီး အိမ်ထက်ပိလာရင်ဒုက္ခ'

သူတို့သုံးဦး မီးဖိုချောင်သို့ပြောင်းပြီး မကြာမီပင် ဘယ်ယိမ်းညာယိမ်းနှင့် သိမ့်သိမ့်ခါနေသော မန်ကျည်းပင်ကြီးသည် ဝုန်းခနဲပြိုလဲကျတော့သည်။ သူတို့တွေ လက်မတင်ကလေး လွတ်သွားခြင်းဖြစ်လေသည်။ မန်ကျည်းပင်အိုကြီးသည် အိမ်ဘက်သို့ တည့်တည့်လဲကျခြင်းဖြစ်သည်။ တစ်အိမ်လုံး သိမ့်သိမ့်ခါပြီး အိမ်ရှေ့တစ်ခြမ်းသည် ကျိုးပြတ်ပြိုကျသွားသည်။ မန်ကျည်းကိုင်း၊ မန်ကျည်းရွက်များက အိပ်ခန်းထဲသို့ ထိုးထိုးထောင်ထောင်နှင့် ထိုးဝင်လာကြသည်။ အခါတိုင်း မမီမကမ်းနှင့်လှမ်းခူးနေရသောပင်ဖျားမှ မန်ကျည်းရွက်ညွန့်များ၊ မန်ကျည်းသီးနုများသည် ကြမ်းပေါ်တွင် ပြန့်ကျဲကုန်လေတော့သည်။

'ဘုရား ဘုရား ဘုရားကယ်မပါ'

မငွေမြက အထိတ်တလန့်ရေရွတ်နေစဉ်တွင် သက်သက်သည် သမီးလေးကို တင်းတင်းကျပ်ကျပ်ဖက်ထားလိုက်သည်။ အခါတိုင်း နေရာတကာတွင် စပ်စုနေကျဖြစ်သော စပ်စုမလေးသည် ဒီတစ်ခါတော့ မစပ်စုနိုင်ရှာတော့ပေ။ မျက်လုံးကလေး ပြူးဝိုင်းနေသည်။ သက်သက်၏ရင်ခွင်ထဲတွင် ခေါင်းကလေးပုပြီး ငိုမဲ့မဲ့ဖြစ်နေရှာလေသည်။ သို့သော် အိမ်ထဲသို့ရောက်လာသော မန်ကျည်းပင်ကြီးကို တွေ့သောအခါတွင်ကား 'မေမေ၊ မေမေ၊ မဂျီးတီး မဂျီးတီး' ဟု ပျော်ရွှင်စွာအော်နေလေသည်။

လေကလည်း တစ်စထက်တစ်စ ပိုပြီးကြမ်းလာသည်။ တစ်အိမ်နှင့်တစ်အိမ်လည်း မကူနိုင်၊ မကယ်နိုင်ကြပေ။ ကြမ်းသမ္မာလေဒဏ်ကို လည်စင်းပြီးခံနေကြရသည်။ တချို့ရဲတင်းသူများသည် အန္တရာယ်ကိုမကြောက်ဘဲ မိုးထဲလေထဲထွက်ကာ လမ်းမပေါ်မှသွပ်ပြားများကို ကောက်ယူနေကြသည်။ သက်သက်ကမူ သမ္ဗုဒ္ဓေကိုသာ ထပ်ပြန်တလဲလဲရွတ်မိသည်။ သို့သော် ဘုရားစာထဲတွင် စိတ်မရှိ၍ အမြီးအမောက်မတည့်ဘဲ အမှားမှားအယွင်းယွင်းဖြစ်နေသည်။ ကမ်းနားဘက်မှာတော့ ဒီရေတက်လာတော့မှာပဲဟု ပထမဦးစွာတွေးမိသည်။ ထို့မှတစ်ဖန် ကိုကိုတစ်ယောက် နံနက်က အနွေးထည်မှဝတ်သွားရဲ့လားဟု ပူမိပြန်သည်။ ထို့နောက် ဆေးရုံက အမိုးတွေလန်ကုန်ရင်တော့ လူနာတွေ ရွှဲကုန်တော့မှာပဲဟု စိုးရိမ်မိပြန်လေသည်။

'ပင်လယ်ထွက်တဲ့ စက်လှေတွေတော့ ဒုက္ခပဲအစ်မရေ၊ အကုန်မှောက်ကုန်တော့မှာပဲ'

မငွေမြ စိုးရိမ်ပူပန်စွာပြောသည်။ သက်သက်ကမူ သူပြောသည်ကို စိတ်မဝင်စားနိုင်ပေ။ အားငယ်စိတ်ကြီးစိုးလာ၍ ကိုကို့ကို တမ်းတနေသည်။ ပြန်လည်းလာစေချင်သည်။ သို့သော် လမ်းတွင် တစ်ခုခုဖြစ်မည်ကိုလည်း စိုးရိမ်နေလေသည်။

'ရုပ်ရှင်အဖွဲ့လေ ဒီနေ့မနက်ပဲထွက်သွားတာ၊ အစ်မရဲ့သူငယ်ချင်းဆိုတဲ့ မင်းသမီးလေးလည်း ပါသွားတယ်လေ'

'အယ်မာ'

သက်သက်က ထိတ်လန့်တုန်လှုပ်စွာ ရေရွတ်လိုက်မိသည်။ မငွေမြကို အလန့်တကြားလှည့်ကြည့်မိသည်။

'အယ်မာ၊ ဟုတ်လား၊ အယ်မာ ပင်လယ်ဘက်ထွက်သွားတယ်'

'ဟုတ်တယ်၊ ဒီမနက်ပဲ ဟိုး လိပ်ကျွန်းဘက်ကိုသွားမှာတဲ့'

'ဘုရား ဘုရား၊ ဒီမိုး ဒီလေနဲ့ သူတို့တွေ ဘာမှမဖြစ်ပါစေနဲ့'

သက်သက်က ဆုတောင်းလိုက်မိသည်။ သူတို့အိမ်ရှေ့မှ ဘုရားစင်လေးကိုမျှော်ကြည့်မိသည်။ သစ်ကနက်သား ရုပ်ပွားတော်လေးသည် မန်ကျည်းရွက်များကြားသို့ ရောက်နေလေသည်။ ထိုစဉ်တွင် အသံကုန်ဟစ်အော်ကာ ခေါ်လိုက်သော ကိုကို၏အသံကို ကြားရသည်။

'သက်ရေ သက် မိသက် သမီး'

ကျော်ထွန်းညိုသည် ပြိုပျက်နေသော အိမ်ကိုကြည့်ကာ သတိလက်လွတ်ဖြစ်သွားပုံရသည်။ တုန်ယင်ချောက်ချားစွာ အော်ဟစ်ရင်း ပြေးတက်လာသည်။

'ကိုကို ကိုကို၊ မိသက်တို့ ဒီမှာဘာမှမဖြစ်ဘူး၊ သမီးလည်းရှိတယ်'

သက်သက်က ဝမ်းသာအားရအော်သည်။ မိုးရေများနှင့် ရွှဲရွှဲစိုနေသော ကျော်ထွန်းညိုသည် မန်ကျည်းကိုင်းများကို ကျော်ခွပြီး သူတို့ဆီသို့ အပြေးရောက်လာသည်။ ထို့နောက် မငွေမြရှေ့မို့ ဆင်ခြင်ရန်ပင် သတိမရတော့ပေ။ ချစ်ဇနီးနှင့် ချစ်သမီးကို သိမ်းပြီးဖက်ထားလိုက်လေသည်။

■ ■ ■ ■ ■

'ငါ့ပတ်ဝန်းကျင်ကလူတွေ ကုန်ပြီပေါ့၊ ငါနဲ့ပတ်သက်သမျှလူတွေလည်း ကုန်ပြီပေါ့'

စုလှိုင်သည် ရွှေရောင်ဝင်းနေသော ရုပ်ပွားတော်လေးကိုမော်ကြည့်ရင်း တစ်ဦးတည်းပြောလိုက်မိသည်။ ဘုရားပန်းများသည် ညှိုးရော်နေသည်။ ဖန်ပြာခွက်ထဲတွင်ကား ပိုးလောက်လမ်းလေးနှစ်ကောင်သည် တလွန့်လွန့်ကူးခပ်မြူးထူးနေကြသည်။

'ပထမဆုံးမာမီကြီး၊ နောက်မာမီ၊ အခုတော့ ဒက်ဒီ၊ ဖရက်ဒီ၊ မမစော၊ နောက်ပြီး အယ်မာ၊ မာမီကြီးက အိုပြီ၊ မာမီကတော့ အရွယ်လတ်၊ ဒက်ဒီက ချမ်းသာတယ်၊ ဖရက်ဒီကတော့ ငယ်သေးတယ်၊ မမစောကတော့ သေရမှာကြောက်တယ်တဲ့၊ အယ်မာလည်း ကြောက်မှာပဲ၊ လှလည်း လှလိုက်တာ၊ ဒါပေမဲ့ သူတို့အားလုံး သေသွားကြပြီ၊ ဒီကမ္ဘာ ဒီလောက၊ ဒီဘဝကြီးထဲကနေ ထွက်သွားကြပြီလေ'

ဒက်ဒီသေဆုံးသွားခြင်းအတွက် စုလှိုင်သည် အကြီးအကျယ်စိတ်ထိခိုက်ခဲ့ရသည်။ ဒက်ဒီကို အားကိုးလာသောအချိန်၊ ချစ်ခင်လာသောကာလသို့ ရောက်သောအခါမှ အပြီးတိုင်ခွဲခွာရလေသည်။

'မာမီရော၊ ဒက်ဒီရော အသေဆိုးကြတယ်၊ နှစ်ယောက်စလုံး ပင်လယ်ထွက်ပြီး သေကြတယ်နော်၊ ဟို ပင်လယ်အောက်ကြမ်းပြင်မှာ ဒက်ဒီနဲ့မာမီ ပြန်တွေ့ကြမှာပါ၊ အဲဒီကျတော့ရော ရန်ဖြစ်ကြဦးမှာလား'

စုလှိုင်က တိုးတိုးလေးပြောနေမိပြန်သည်။ ယခုတလောတွင် သူ့အတွေးများသည် ယခင်တုန်းကလို ရင်ထဲ၌ပင် ဝဲလှည့်မနေတော့ပေ။ တစ်ခါတစ်ရံတွင် နှုတ်မှပွင့်ထွက်လာတတ်သည်။ တစ်ဦးတည်း ငေးရင်းငိုင်ရင်း တိုးတိုးလေးပြောနေမိတတ်သည်။ ထိုအခါမျိုးတွင် မအေးတင်က စိုးရိမ်ပူပန်သောမျက်လုံးများကိုဆောင်ကာ သူ့အပါးသို့ ရမယ်ရှာပြီးရောက်လာတတ်သည်။ စုလှိုင်က 'စုမရူးပါဘူး မအေးတင်ရဲ့ စိတ်ထဲမှာရှိတာတွေကို ပြောနေတာပါ' ဟု ဖြေသိမ့်သလိုပြောသောအခါမှ ပို၍စိုးရိမ်သွားဟန်နှင့် ဆရာဝန်ခေါ်လာလေတော့သည်။ ဆရာဝန်က စုလှိုင်ကို သိပ်မတွေးနှင့်ဟု ပြောလေသည်။ စုလှိုင်က ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် တွေးမြဲတွေးလေသည်။

'ကြည့်ပါဦး၊ ဘုရားစင်ကလည်း ရှုပ်လို့၊ သောက်တော်ရေခွက်ထဲမှာလည်း ပိုးလောက်လမ်းတွေနဲ့ ဘုရားပန်းတွေကလည်း ညှိုးလို့၊ မဖြစ်ပါဘူး၊ ရေတော်ခွက်တွေကို တိုက်ဆေးဦးမှပါပဲ၊ ဘုရားပန်းလည်း ခူးဦးမှ၊ ခြံထဲမှာ ဘာပန်းများရှိမလဲ မသိဘူး'

စုလှိုင်သည် ကတ်ကြေးကိုင်ကာ ပန်းခြံထဲသို့ဆင်းလာခဲ့သည်။ အိမ်ဘေးတွင်ရှိသော ဆောင်တော်ကူးပန်းရုံကြီးသည် စိမ်းမြမြအရွက်များနှင့် ဝေဆာနေသည်။ ပွင့်ချိန်မဟုတ်သောကြောင့် အဖူးအပွင့်များကိုမူ မတွေ့ရပေ။ ထိုပန်းနွယ်ရုံကြီးကိုငေးကြည့်ရင်း အယ်မာကိုသတိရလာသည်။ တစ်ခါက ထိုပန်းများကို ကျောင်းသို့ယူသွားဖူးသည်။ အယ်မာသည် ပျော်ရွှင်စွာခုန်ပေါက်ပြီး ပန်းများကို ပွေ့ယူသွားခဲ့လေသည်။ သူ့ဆံပင်တိုတိုလေးတွင် မရမကပန်ဆင်ရင်း ရယ်မောနေသော အယ်မာ့မျက်နှာနုနုလေးကို ပြန်ပြီးမြင်ယောင်လာသည်။ ယခုတော့ ထိုမိန်းကလေးသည်လည်း ဒက်ဒီနှင့်အတူ ပင်လယ်ရေအောက်ကြမ်းပြင်တွင် မေ့စက်အနားယူနေချေပြီ။

'မမစု'

ညီလင်းညို၏အသံကိုကြားရသည်။ စုလှိုင်သည် နောက်သို့လှည့်မကြည့်ဘဲ ငြိမ်ငြိမ်သက်သက်ပင် ဆက်၍ရပ်နေလေသည်။

'မမစု၊ ဘာတွေတွေးနေသလဲ'

'ဒီလိုပါပဲ၊ ဟိုတွေး ဒီတွေးပေါ့'

'သိပ်မတွေးပါနဲ့ဗျာ'

'ဘာလဲ စုကိုရူးနေတယ်ထင်လို့လား'

'ရူးနေတယ်တော့ မထင်ပါဘူး၊ ဒါပေမဲ့ ရူးသွားမှာစိုးရိမ်လို့ပါ'

'စု ရူးကြည့်ချင်တယ်'

'ဘာဖြစ်လို့လဲ'

'ရူးတဲ့လူတွေက သိပ်ပြီးစိတ်ချမ်းသာကြမှာ၊ သူတို့စိတ်ကမ္ဘာထဲမှာ သူတို့ဖြစ်ချင်သမျှတွေ အကုန်ဖြစ်နေတာမဟုတ်လား'

**ဆက်လက်ဖော်ပြပါမည်။**

## ရွှေတိဂုံစေတီတော်၌ (၄၃) ကြိမ်မြောက် မဟာဗောဓိညောင်ရေသွန်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၌(၄၃) ကြိမ်မြောက် မဟာဗောဓိညောင်ရေသွန်းပွဲကို ဧပြီလ ၃၀ ရက် (ကဆုန်လပြည့်နေ့) နံနက် ၇ နာရီမှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်၏ ဖွင့်ပွဲအခမ်းအနားကို စေတီတော်ရင်ပြင်အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပမည်ဖြစ်ပြီး ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ရုံးမှ ဝန်ထမ်းများနှင့် ဗုဒ္ဓဝေယျာဝစ္စအသင်းများ ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

ရွှေတိဂုံစေတီတော်၌ မဟာဗောဓိညောင်ရေသွန်းပွဲတော်ကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် (၄၃) ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ပွဲတော်နေ့တွင် ဘုရားဖူးပြည်သူများ ရင်ပြင်ထောင့်လေးထောင့်ရှိ မဟာဗောဓိညောင်ပင်များ၌ လွယ်ကူစွာညောင်ရေသွန်းလောင်းပူဇော်နိုင်ရန် ဗုဒ္ဓဝေယျာဝစ္စအသင်းများနှင့် ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စောယု**

## ဒေးဒရဲမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ဒေးဒရဲ ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် အမှတ် (၂) ရပ်ကွက် မြို့နယ်အားကစားခန်းမ၌ အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းကို ဧပြီလ ၂၁ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒေးဒရဲမြို့နယ် ဦးစီးအရာရှိနှင့်ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီးသူများ၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်အသစ် ပြုလုပ်လိုသည့် ကျောင်းသား၊ ကျောင်းသူများကို အချက်အလက်နှင့် အထောက်အထားများ ဖြည့်စွက်ဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုပြီး ပြည်သူများထံ နိုင်ငံသားစိစစ်ရေးကတ်များ လက်ဝယ်အရောက်ပေးအပ်ကြောင်း သိရသည်။

**အေဇာလင်း**

# မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ်တို့အကြား ကဏ္ဍပေါင်းစုံ၌ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး H.E. Mr. Xu Qin အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး H.E. Mr. Xu Qin တို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှည်ကြာကောင်းမွန်ခဲ့ပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်နှင့်အညီ အေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဟေလုံကျန်းပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ နှစ်နိုင်ငံအဆင့်မြင့်ခေါင်းဆောင်များ ချစ်ကြည်ရေးခရီးစဉ်များအပြန်အလှန်လည်ပတ်ခဲ့မှုအခြေအနေများ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ လူငယ်ကဏ္ဍနှင့်ပညာရေးကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေး နှစ်နိုင်ငံအကြား လယ်ယာထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေးနည်းပညာများတိုးတက်စေရေးပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ၊ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်မှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုများတိုးတက်စေရေး မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP) မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ တရုတ်နိုင်ငံ ဟာဘင်းမြို့နှင့်မြန်မာနိုင်ငံ ရန်ကုန်မြို့တို့ကို ညီအစ်မမြို့များအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ်တို့အကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာကော်မတီအတွင်းရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းတို့တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။

(၁၀၀)

# ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းခြင်း၊ မိုးစပါးစိုက်ပျိုးနိုင်ရန် မျိုးစပါး၊ ဓာတ်မြေဩဇာ၊ တိုက်ရိုက်မျိုးစေ့ချကိရိယာနှင့် နှစ်ချပ်တွဲဆိုလာပေးအပ်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၁

၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းခြင်း၊ မိုးစပါးစိုက်ပျိုးနိုင်ရန်မျိုးစပါး၊ ဓာတ်မြေဩဇာ၊ တိုက်ရိုက်မျိုးစေ့ချကိရိယာ (Drum Seeder)နှင့် နှစ်ချပ်တွဲဆိုလာပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာ တောင်သူဦးအောင်လွင်၏လယ်မြေ၌ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တာဝန်ရှိသူများနှင့် လှည်းကူးခရိုင်အတွင်းရှိ တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူတို့က လှည်းကူးခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှု၊ စပါးစိုက်ပျိုးမှု၊ တိုင်းဒေသကြီးအတွင်း တိုက်ရိုက်မျိုးစေ့ချကိရိယာများ ဖြန့်ဝေအသုံးပြုမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက လှည်းကူးခရိုင်အတွင်းရှိတောင်သူများကို မိုးစပါးအတွက် မျိုးစပါး၊ ဓာတ်မြေဩဇာ၊ တိုက်ရိုက်မျိုးစေ့ချကိရိယာနှင့်နှစ်ချပ်တွဲဆိုလာများပေးအပ်ပြီး ခင်းကျင်းပြသထားသည့် Drum Seeder များ၊ စပါးမျိုးစေ့နမူနာများ၊ ဓာတ်မြေဩဇာများ၊ အနိမ့်တင်ဆိုလာရေတင်စက်များနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နွေစပါးစံကွက်ကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုများနှင့် စပါးမျိုးစေ့နမူနာများကို ကြည့်ရှုအားပေးပြီး ဘဲကောင်ရေ ၅၀၀ မွေးမြူထားရှိမှုကိုကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားခဲ့ကြောင်းသိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



# လိုအပ်သည့်သွင်းအားစုများကို တောင်သူလက်ဝယ်အရောက်ဈေးနှုန်းသက်သာစွာအချိန်မီရောက်ရှိရေးဆောင်ရွက်ပေးသွားမည်ဖြစ်





နေပြည်တော် ဧပြီ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး လမ်းညွှန်မှာကြားချက်များ၊ အစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ နှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ် (၁၆) စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားချက်များကို ဝန်ကြီးဌာနရှိ အဓိကမောင်းနှင်အားများဖြစ်ကြသော ဝန်ထမ်းများအားလုံး သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း၊

အစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်ပြီး သမ/ကျေးလက်ကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနက ကျေးလက်ရေရရှိရေးလုပ်ငန်း၊ ဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နွေစပါး၊ မိုးစပါး စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် သွင်းအားစုများကို တောင်သူလက်ဝယ် အရောက်ဈေးနှုန်းသက်သာစွာ၊ လုံလောက်စွာဖြင့် အချိန်မီရောက်ရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုတိုးတက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ ကျေးလက် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး၍ မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်ကြရာတွင် အလုပ်အပေါ်ဂုဏ်ယူတတ်စေရန်နှင့် စေတနာထားကာ တာဝန်သိသိ သစ္စာရှိရှိဖြင့် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်သွားကြရန်တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ဝါးမှ ချည်ချောထုတ်လုပ်နိုင်ရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်



နေပြည်တော် ဧပြီ ၂၁

နှစ်သစ်ကူးကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့် ဒေါက်တာအောင်ဇေယျ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး စက်ရုံမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန ဦးစီးမှူးများ၊ စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက အွန်လိုင်းမှတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် ဝါးမှ ချည်ချောထုတ်လုပ်နိုင်ရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကျော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက "ဝါးမှချည်ချောထုတ်လုပ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ပြီး စာတမ်းတစ်စောင်ပြုစုတင်ပြရန်" နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရကျင်းပခြင်းဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင်သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပညာရှင်များက ကဏ္ဍအလိုက်ဆွေးနွေးမည်ဖြစ်ပြီး အဖွဲ့အလိုက် ဆွေးနွေးခြင်းပြုလုပ်၍ ရလဒ်များကို ဖော်ထုတ်သွားမည်ဖြစ်ရာ ထိထိရောက်ရောက်ပါဝင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကျော်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဝါးမှချည်ချောထုတ်လုပ်ရေးအတွက် သုတေသနလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လိုအပ်သည့်စက်ပစ္စည်းများ ဝယ်ယူဖြည့်တင်းနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝါးမှချည်ချော ထုတ်လုပ်ခြင်းလုပ်ငန်းများ အောင်မြင်စေရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ဝါးသည် လူသားများအတွက် အမျိုးမျိုးအသုံးပြုနိုင်သော သယံဇာတဖြစ်၍ လူသားတို့၏ လူမှုစီးပွားနှင့် နေ့စဉ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အပင်မျိုးဖြစ်ကြောင်း၊ ဝါးချည်မျှင်ထုတ်လုပ်မည်ဆိုပါက ဝါးဖိုက်ဘာ အလျားရှည်သည့် ဝါးမျိုးစိတ်ကို ရွေးချယ်အသုံးပြုသင့်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဝါးသယံဇာတ ထုတ်ယူနိုင်မှု၊ ဝါးအခြေပြုနည်းပညာများ ပံ့ပိုးပေးမည့်အခြေအနေ၊ ဝါးသယံဇာတ ရေရှည်တည်တံ့နိုင်ရေး ဝါးထုတ်ယူမှုနည်းပညာ၊ ဝါးစိုက်ကွက်များ ထူထောင်ရေးနှင့် ထိန်းသိမ်းရေး၊ ဝါးစိုက်ခင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ ဖြန့်ဝေခြင်း၊ ဝါးနှင့်စပ်လျဉ်း၍ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ဝါးကုန်ကြမ်းရွေးချယ်မှု၊ ဝါးချည်မျှင် ထုတ်လုပ်နိုင်ရေးအရင်းအမြစ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၆ ခုနှစ် ဧပြီလ ၃၀ ရက်တွင် ရောက်ရှိမည့် ဗုဒ္ဓဘာသာဝင်များအတွက် အထွတ်အမြတ်ထားရှိသည့် နေ့ထူးနေ့မြတ်ဖြစ်သော ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)အား ပူဇော်လှူ့ဆော်သောအားဖြင့် ၂၄-၄-၂၀၂၆ ရက်(သောကြာနေ့)ညတွင် ဓမ္မပူဇာတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **"လမြတ်ကဆုန်"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

**၂၄-၄-၂၀၂၆ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ "လမြတ်ကဆုန်" တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မြတ်ဂုဏ်တော်သခင် | ပြင်ပအဆိုရှင် |
| ၂။ | ဆဋ္ဌသင်္ဂါယနာ | ပြင်ပအဆိုရှင် |
| ၃။ | အစိန္တေယျ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | သမ္ဗုဒ္ဓေ | ပြင်ပအဆိုရှင် |
| ၅။ | ထိုသုံးပါး | ပြင်ပအဆိုရှင် |
| ၆။ | မေတ္တာဂုဏ် | ပြင်ပအဆိုရှင် |
| ၇။ | အဝေယျာဟန္တု | ပြင်ပအဆိုရှင် |
| ၈။ | လမြတ်ကဆုန် | ပြင်ပအဆိုရှင် |
| ၉။ | ပဋ္ဌာန်း | ဌာနအဆိုရှင် |
| ၁၀။ | ဓမ္မဒီပါ | ပြင်ပအဆိုရှင် |

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၇˚c / ၃၇˚c |
| ရန်ကုန် | ၂၆˚c / ၃၈˚c |
| မန္တလေး | ၃၀˚c / ၄၂˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## (၂၁-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၈,၆၂၂,၁၂၅.၄၈ | ၈,၄၀၃,၃၇၈.၇၉ | ၃၄,၇၈၀,၄၄၆.၈၁ | |
| ဗဟိုဘဏ်မှဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | ၃,၀၁၅,၀၆၆.၀၀ | |

– ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးပစ္စည်းများနှင့် ပြောင်းမျိုးစေ့များတင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၃ သန်းကိုလည်းကောင်း၊ ဗဟိုဘဏ်မှ စက်မှုကုန်ကြမ်းကဏ္ဍနှင့် လယ်ယာသုံးပစ္စည်းကဏ္ဍတို့သို့ ထိုင်းဘတ် ၃.၀၂ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍမြှင့်တင်ရေး အလေးထားလုပ်ဆောင်



နေပြည်တော် ဧပြီ ၂၁

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ဝန်ထမ်းများအား ဌာန၏တာဝန်နှင့် ဆောင်ရွက်သွားမည့်အစီအမံများ ရှင်းလင်းပြောကြားခြင်းကို ယနေ့နံနက်၁၀ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)တွင် ပြုလုပ်သည်။

ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံကျကြောင်း၊ နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍမြှင့်တင်ရေး အလေးထားလုပ်ဆောင်သွားရန် နိုင်ငံတော်သမ္မတမှ လမ်းညွှန်မှုပြုထားကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများ အလုပ်တာဝန်များ ဆောင်ရွက်ရာတွင် ရလဒ်ကောင်းများရရှိလာစေရန် နိုင်ငံတော်နှင့် ပြည်သူတို့ အကျိုးကိုရှေးရှုလုပ်ဆောင်ကြစေလိုကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ကျွမ်းကျင်ပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဘူမိဗေဒပညာရှင်များဖြင့် ဖွဲ့စည်းလုပ်ဆောင်ရသည့် အလုပ်ဖြစ်သောကြောင့် ဝန်ထမ်းတစ်ဦးချင်းအနေဖြင့် မိမိတို့၏ နယ်ပယ်အသီးသီးတွင် Professional ဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း၊ **"ပြည်သူလူထု၏အကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့် မည်သည့်အကြောင်းအရာကိုမျှ လက်ခံမည်မဟုတ်"** ဆိုသော နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အား နှလုံးသွင်း၍ လုပ်ငန်းတာဝန်များ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်နေမှုများအား တွေ့ရှိရပါက ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က 500KV ဓာတ်အားလိုင်းတည်ဆောက်နေမှု အခြေအနေများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌက လျှပ်စစ်ဓာတ်အားလျော့နည်းပျောက်ဆုံးမှုကျဆင်းစေရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းအခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကြီးကြပ်မှုအောက်တိုင်းဒေသကြီး/ပြည်နယ်များရှိ အရာထမ်း၊ အမှုထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

## ပို့ကုန် / သွင်းကုန်လုပ်ငန်းစဉ်များတွင် ကြန့်ကြာမှုမရှိစေဘဲ လွယ်ကူချောမွေ့စေရန် အလေးထားဆောင်ရွက်ရမည်ဖြစ်

နေပြည်တော် ဧပြီ ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ်(၃) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ(၂)၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအားထပ်ဆင့်ရှင်းလင်းသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများတွင် ပါရှိသောလမ်းညွှန်မှာကြားမှုများကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ အလေးအနက်ထားအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ကြရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အခြေခံကျသည့်အုတ်မြစ်တစ်ခုဖြစ်ကြောင်း၊ ယင်းသို့ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ကြရာတွင် မိမိတို့ဝန်ကြီးဌာနသည် ပြည်တွင်းကုန်ထုတ်လုပ်မှုကို ပူးပေါင်းဆောင်ရွက်ရန်နှင့် ပို့ကုန်ကဏ္ဍမြှင့်တင်ရမည်ဖြစ်ကြောင်း၊ ပို့ကုန်/သွင်းကုန် လုပ်ငန်းစဉ်များတွင် ကြန့်ကြာမှုမရှိစေဘဲ လွယ်ကူချောမွေ့စေရန် အလေးထားဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ခေတ်မီနည်းပညာများကိုအသုံးပြု၍ ဝန်ဆောင်မှုများကို ပိုမိုမြန်ဆန်အောင် ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် အမြဲမပြတ် ထိတွေ့ပြီး ဟန်ချက်ညီညီချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ပြည်ပဈေးကွက်သို့မြန်မာ့ထုတ်ကုန်များ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက်ပြည်ပဈေးကွက်သစ်များရှာဖွေရမည်ဖြစ်ကြောင်း၊ စားသုံးသူများ၏ အခွင့်အရေးကာကွယ်ပေးရေး၊ မူပိုင်ခွင့်ဆိုင်ရာအကာအကွယ်ပေးရေးတို့ကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးဦးမင်းမင်းနှင့် ဦးဝင်းမြင့်ခိုင်တို့က ဝန်ထမ်းများကိုလိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် ပြည်ပရှိ စီးပွားရေးသံမှူးများ စုစုပေါင်း ၅၇၂ ဦးတို့က In person/ Virtual တို့ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**



## ယဉ်ကျေးမှုကိုအခြေခံပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်

နေပြည်တော် ဧပြီ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံပွဲကို ယနေ့တွင် ရုံးအမှတ် (၃၅)နှင့် ရုံးအမှတ်(၃၃) တို့၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ကဏ္ဍပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ယဉ်ကျေးမှုကိုအခြေခံပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကို ပေါင်းစပ်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို လုံခြုံစိတ်ချစွာ သွားလာလည်ပတ်ချင်စရာကောင်းသော ခရီးစဉ်ဒေသတစ်ခုအဖြစ်ကမ္ဘာက သိအောင် ဝိုင်းဝန်းမြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ ရိုးရာယဉ်ကျေးမှုကိုမြှင့်တင်ကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် မတူကွဲပြားသောခရီးသွားလုပ်ငန်းများ၊ ခရီးစဉ်ဒေသအသစ်များကို တီထွင်ဆန်းသစ်မှု၊ တွေးခေါ်ကြံဆမှုများဖြင့် ပေါင်းစပ်၍ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များဆွဲဆောင်နိုင်ရေးဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ယဉ်ကျေးမှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ရေနည်းမည့် သတိပေးချက်

နေပြည်တော် ဧပြီ ၂၁

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၁၀၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာအောက်သို့ ရောက်ရှိနိုင်သည်။

(မိုး/ဇလ)

# ဓာတ်မတည့်ခြင်း(Allergy)

ဓာတ်မတည့်ခြင်းက လူငါးဦးတွင် အနည်းဆုံးတစ်ဦးထိခိုက်စေသည်။ မိသားစုထဲမှတစ်ဦးဦးတွင် အစားအစာဓာတ်မတည့်ခြင်း၊ ရာသီအလိုက် ဓာတ်မတည့်ခြင်း သို့မဟုတ် တခြားဓာတ်မတည့်မှုပုံစံတချို့လည်း ရှိနိုင်သည်။ ဓာတ်မတည့်သူများတွင် ဓာတ်မတည့်သူကို ပို၍ဆိုးရွားစေနိုင်မည့် Antihistamine နှင့် Acetaminophen ကဲ့သို့ ဆေးဝါးများကို မကြာခဏအားကိုးကြရသည်။ တချို့သူများသည် ဓာတ်မတည့်ခြင်းကို ထိန်းချုပ်ရန် တခြားဆေးဝါးများကိုလည်း ရှာဖွေတတ်ကြသည်။ ဆေးဝါးသောက်သုံးခြင်းအပြင် မိမိခံစားနေရသော မည်သည့်ဓာတ်မတည့်မှုမျိုးကိုမဆို တိုက်ဖျက်ရန် သဘာဝဖြည့်စွက်စာများ အသုံးပြုနိုင်သည်။

ဓာတ်မတည့်မှုဖြစ်စေသောအရာ(Allergens)တစ်ခုခုကို ထိတွေ့မိပြီဆိုလျှင် နှာချေခြင်း၊ နှာစေးခြင်း၊ အရေပြားတွင် အနီအပိမ့်ထွက်ခြင်းနှင့် အင်ပျဉ်ကဲ့သို့ဖြစ်ခြင်းမျိုးဖြစ်ကာ တုံ့ပြန်သည်။

ဓာတ်မတည့်မှုကိုတုံ့ပြန်ရန် ခန္ဓာကိုယ်က ဓာတုပစ္စည်းများထုတ်နေသည့်လက္ခဏာများဖြစ်သည်။ အဆိုးဆုံးအနေဖြင့် ဓာတ်မတည့်ခြင်းက သေဆုံးသည်အထိဖြစ်နိုင်သည်။

အတွေ့ရများသောဓာတ်မတည့်မှုများမှာ ဝတ်မှုန်ဓာတ်မတည့်ခြင်း(Hay Fever)၊ အစားဓာတ်မတည့်ခြင်း(Food Allergy)နှင့် အရေပြားဓာတ်မတည့်ခြင်းပြဿနာတို့ဖြစ်သည်။

ဓာတ်မတည့်မှုသည် အဖြစ်များသောကျန်းမာရေးပြဿနာဖြစ်ပြီး သေချာစွာကုသမှုခံယူရန်လိုအပ်သည်။

### ဓာတ်မတည့်ခြင်းလက္ခဏာများ

ဓာတ်မတည့်ခြင်းဖြစ်သည့်အခါ ခန္ဓာကိုယ်က Histamine နှင့် Leuko-trienes အပါအဝင် ဓာတုပစ္စည်းများကို ထုတ်လွှတ်သည်။ အဆိုပါဓာတုပစ္စည်းများက အရေပြားကိုထိခိုက်စေသကဲ့သို့ အသက်ရှူလမ်းကြောင်းစနစ်၊ အစာခြေစနစ်နှင့် တခြားသောရောဂါများကို ထိခိုက်စေနိုင်သည်။

ဓာတ်မတည့်မှုဖြစ်သည့်အခါ နှာချေခြင်း၊ နှာခေါင်းပိတ်ခြင်း၊ နှာရည်ယိုခြင်း၊ နှာစေးခြင်း၊ အရေပြားအဖုအပိမ့်ထွက်ခြင်း၊ ယားယံခြင်း၊ အင်ပျဉ်ထွက်ခြင်း၊ ရောင်ရမ်းခြင်းတို့ဖြစ်သည်။ ဓာတ်မတည့်မှုအမျိုးအစားလိုက်၍ လက္ခဏာများကွာခြားနိုင်သည်။

ဓာတ်မတည့်မှုကြောင့် နှာခေါင်းအမြှေးပါးရောင်ခြင်းက ဝတ်မှုန်၊ တိရစ္ဆာန်အမွေး၊ အညစ်အကြေးနှင့် ဖုန်မှုန်များကြောင့်ဖြစ်သည်။ ထိုသို့ဖြစ်သည့်အခါ နှာချေခြင်း၊ နှာရည်ကျခြင်း၊ နှာစေးခြင်း၊ မျက်လုံးယားယံခြင်း၊ နှာခေါင်းပိတ်ခြင်းမျိုးခံစားရနိုင်သည်။ ရှူရှိုက်မိခြင်းမဟုတ်ဘဲ ထိတွေ့မိသည်ဆိုလျှင် အရေပြားနီမြန်းခြင်း၊ ယားယံခြင်း၊ အရည်ကြည်ဖုထွက်ခြင်းတို့ခံစားရနိုင်သည်။

ပြင်းထန်သည့်ဓာတ်မတည့်မှု၏တုံ့ပြန်မှုအနေဖြင့် မျက်နှာများရောင်ကိုင်းခြင်း၊ လျှာများ၊ နှုတ်ခမ်းများ၊ ခြေလက်များရောင်ရမ်းခြင်း၊ အင်ပျဉ်များထွက်ခြင်းနှင့်အသက်ရှူရခက်ခြင်းတို့ ခံစားရနိုင်သည်။ ထိုသို့လက္ခဏာများခံစားရမည်ဆိုလျှင် အရေးပေါ်ကုသမှုခံယူရန် လိုအပ်သည်။

ဓာတ်မတည့်မှုဖြစ်စေသောအရာများနှင့် ပထမဆုံးအကြိမ်ထိတွေ့သည့်အခါ ခန္ဓာကိုယ်က ဓာတ်မတည့်သည့်အရာများကိုတုံ့ပြန်ရန် ပဋိပစ္စည်း(IgE)ကို ထုတ်လွှတ်သည့်အခါတွင် ကိုယ်ခံအားဆဲလ်များ၏တုံ့ပြန်မှုကြောင့် လက္ခဏာများဖြစ်လာပြီး ဓာတ်မတည့်မှုကိုခံစားသိရှိလာသည်။

**"ဓာတ်မတည့်မှုကြောင့် နှာခေါင်းအမြှေးပါးရောင်ခြင်းက ဝတ်မှုန်၊ တိရစ္ဆာန်အမွေး၊ အညစ်အကြေးနှင့် ဖုန်မှုန်များကြောင့်ဖြစ်သည်။ ထိုသို့ဖြစ်သည့်အခါ နှာချေခြင်း၊ နှာရည်ကျခြင်း၊ နှာစေးခြင်း၊ မျက်လုံးယားယံခြင်း၊ နှာခေါင်းပိတ်ခြင်းမျိုးခံစားရနိုင်သည်။ ရှူရှိုက်မိခြင်းမဟုတ်ဘဲ ထိတွေ့မိသည်ဆိုလျှင် အရေပြားနီမြန်းခြင်း၊ ယားယံခြင်း၊ အရည်ကြည်ဖုထွက်ခြင်းတို့ခံစားရနိုင်သည်။**

**ပြင်းထန်သည့်ဓာတ်မတည့်မှု၏ တုံ့ပြန်မှုအနေဖြင့် မျက်နှာများရောင်ကိုင်းခြင်း၊ လျှာများ၊ နှုတ်ခမ်းများ၊ ခြေလက်များရောင်ရမ်းခြင်း၊ အင်ပျဉ်များထွက်ခြင်းနှင့် အသက်ရှူရခက်ခြင်းတို့ခံစားရနိုင်သည်။ ထိုသို့လက္ခဏာများခံစားရမည်ဆိုလျှင် အရေးပေါ်ကုသမှုခံယူရန် လိုအပ်သည်. . ."**

ဓာတ်မတည့်မှုကိုဖြစ်စေသည့်အရာများမှာ လေထဲမှတစ်ဆင့် လွင့်လာသည်ကများသည်။ ထိုသို့ အသက်ရှူလမ်းကြောင်းသို့ဝင်ရောက်ပြီး နှာချေခြင်း၊ နှာစေးခြင်း၊ နှာရည်ကျခြင်းမျိုးခံစားရနိုင်သည်။ အကယ်၍ ဓာတ်မတည့်စေသည့်အရာက အစာခြေစနစ်ထဲရောက်သွားမည်ဆိုလျှင် အစာခြေစနစ်တွင် ပြဿနာများခံစားရနိုင်သည်။

တချို့သူများတွင် ဓာတ်မတည့်မှုများက ပုံမှန်သုံးနေကျအရာများကြောင့်ဖြစ်တတ်သော်လည်း တချို့သူများမှာ ဓာတ်မတည့်မှုဖြစ်စေသောအရာများက မည်သည့်အရာများဆိုသည်ကို တိတိကျကျမသိရခြင်းမျိုးလည်းရှိသည်။ ဓာတ်မတည့်မှုက မိသားစုမျိုးရိုးမှဆင်းသက်လာသည်လည်းဖြစ်နိုင်သည်။ တချို့မှာ မျိုးရိုးမရှိသော်လည်း ဓာတ်မတည့်မှုကို ပြင်းပြင်းထန်ထန်ခံစားရနိုင်သည်။

### ဓာတ်မတည့်မှုကိုစစ်ဆေးသိရှိမှု

ဓာတ်မတည့်မှုအမျိုးအစားပေါ်လိုက်ပြီးကွာခြားနိုင်သည်။ ပထမဆုံးအနေဖြင့် ဓာတ်မတည့်မှုဖြစ်သည့်အခါ ဓာတ်မတည့်မှုကြောင့်ခံစားရသည့်လက္ခဏာများကို စစ်ဆေးရသည်။ အဆိုပါလက္ခဏာများကို ကြည့်ကာ မည်သည့်အတွက်ကြောင့် ဓာတ်မတည့်မှုဖြစ်သည်ဆိုသည်ကို သုံးသပ်သည်။ ထို့ပြင် တိကျသည့်အဖြေရှိရန် ဆရာဝန်နှင့် စစ်ဆေးနိုင်သည်။ စစ်ဆေးသည့်အခါ အရေပြားကို စစ်ဆေးခြင်း(Skin Testing)နှင့် သွေးကိုစစ်ဆေးခြင်း(Specific Ige-Sige)ဆိုပြီးရှိသည်။ အစားဓာတ်မတည့်မှုဆိုလျှင် အစားစားခြင်းမှတစ်ဆင့်စစ်ဆေးရသည်။

### ကုသမှုနည်းလမ်းများ

ဓာတ်မတည့်မှုဖြစ်လျှင် များသောအားဖြင့် အနေအထိုင်၊ အစားအသောက် အရာရာဂရုစိုက်ရန်လိုအပ်သည်။ မပြင်းထန်သော ဓာတ်မတည့်မှုများအတွက် Antihistamine များဖြစ်သော ဘာမီတွန်၊ စီထရင်းကဲ့သို့ဆေးဝါးများသောက်ခြင်း၊ ဆားရည်ဖြင့်ဆေးကြောခြင်း၊ နှာခေါင်းထဲအစက်ချခြင်းမျိုးလုပ်ပေး၍ရသည်။ မသက်သာလျှင် လိုအပ်သောကုသမှုများကိုခံယူသင့်သည်။ ဆေးလိမ်းခြင်း၊ ဆေးသောက်ခြင်းတို့ကို ဆရာဝန်နှင့်ပြသမှုခံယူသင့်သည်။ အလွန်ပြင်းထန်လာပါက (Anaphy-laxis Shock)ဝင်လာပါက ဆေးထိုးခြင်း (Steroid Injection)လိုအပ်မည်ဖြစ်သည်။

### ဒေသထွက်ပျားရည်

ပျားရည်က အရသာရှိရုံသာမက ရောဂါအမျိုးမျိုးကိုကုသရန် အသုံးပြုနိုင်သောကြောင့် မီးဖိုချောင်၏အဓိကလိုအပ်ချက်တစ်ခုဖြစ်သည်။ ဒေသထွက်ပျားရည်ကို စားသုံးသင့်သည့်အကြောင်းရင်းများစွာရှိသည်။ ကျန်းမာရေးပြဿနာများဖြစ်သော ရောင်ရမ်းမှုကို လျော့ကျခြင်း၊ ဗက်တီးရီးယားပိုးဆန့်ကျင်ခြင်းနှင့် ဗိုင်းရပ်စ်ပိုးကိုဆန့်ကျင်သည့် ဂုဏ်သတ္တိများပါဝင်သည်။ ထို့ကြောင့် ဒေသထွက်ပျားရည်ကို အသုံးပြုခြင်းက ရာသီအလိုက်ဓာတ်မတည့်ခြင်းကို တိုက်ဖျက်ရန် အကောင်းဆုံးဖြစ်သည်။ ဒေသထွက်ပျားရည်တစ်ဇွန်းကို နေ့စဉ်စားသုံးပေးခြင်းဖြင့် ဝတ်မှုန်များအပေါ် မိမိခန္ဓာကိုယ်ခံနိုင်ရည်အား အမှန်တကယ်မြင့်တက်စေနိုင်ပြီး ရာသီဥတုပြောင်းလဲချိန်တွင် မိမိနှာခေါင်းအတွင်း ပိတ်ဆို့မှုမဖြစ်စေရန်ကာကွယ်ပေးသည်။

### လက်ဖက်စိမ်း

ဓာတ်မတည့်ခြင်းမှကာကွယ်ရန် အသုံးပြုနိုင်သည့် နောက်ထပ်သဘာဝဖြည့်စွက်စာမှာ လက်ဖက်စိမ်းဖြစ်သည်။ လက်ဖက်စိမ်းတွင် EGCG ပမာဏမြင့်မားစွာပါဝင်ပြီး ဓာတ်မတည့်ခြင်းဖြစ်ပေါ်စေသည့် (Immunoglobulin E)နှင့် ဟစ္စတမင်း(Histamine) ထုတ်လုပ်မှုကို ထားဆီးပေးနိုင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းအမျိုးအစားတစ်ခုဖြစ်သည်။ တစ်ရက်လျှင် လက်ဖက်စိမ်းလက်ဖက်ရည် လေးခွက်ခန့်သောက်သုံးပေးပါက ခန္ဓာကိုယ်မှ ဓာတ်တိုးဆန့်ကျင်ပစ္စည်းပမာဏမြင့်မားစေပြီး ဓာတ်မတည့်မှုတုံ့ပြန်ခြင်းမှ အကာအကွယ်ရစေနိုင်သည်။

### ယူကလစ်ဆီ

ဓာတ်မတည့်မှုအတွက် အဆီများနှင့်မတူညီသည့် သက်ရောက်မှုအားလုံးလေ့လာသည့်အခါ ယူကလစ်ဆီက ဝင်ရောက်မှုနှုန်းအမြင့်ဆုံးတွင် ပါဝင်သည်ဟုဆိုသည်။ အဆီများက ခန္ဓာကိုယ်တွင်ရှိနေသည့် ဗိုင်းရပ်စ်ပိုး သို့မဟုတ် ဗက်တီးရီးယားပိုးဝင်သောကြောင့်ဖြစ်ပေါ်လာသည့်ရောင်ရမ်းမှုကို လျှော့ချပေးနိုင်စွမ်းရှိသည်။ ယူကလစ်ဆီနှင့်အနံ့ကိုရယူရန် ယူကလစ်ဆီကို ဓာတ်ငွေ့ဖြန့်ဝေခြင်း၊ မိမိအဝတ်အစားမွှေးကြိုင်စေရန် အဝတ်လျှော်သည့်အခါ ထည့်လျှော်ခြင်း သို့မဟုတ် ခေါင်းသန့်ရှင်းရေးအတွက်လည်းအသုံးပြုနိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် ဆိုးရွားသောဓာတ်မတည့်ခြင်း(Anaphy-laxis shock)အတွက် အချိန်မီ စတီးရွိုက်ထိုးဆေး(Injection steroid)ပေးမှသာ အသက်ချမ်းသာရာရသည်။ လူတချို့သည် ပင်နီဆီလင်၊ ဘားပလက်၊ ဆာလဖာတို့နှင့် မတည့်တတ်ကြပါ။ ထို့ကြောင့် ဆေးကို မစမ်းသပ်ဘဲ ထိုးနှံခြင်း၊ ဆေးသောက်ခြင်းပြုသည့်အခါ ယားယံခြင်း၊ အင်ပျဉ်ထခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ အသက်ရှူရခက်ခဲလာခြင်းမှသည် အသက်အန္တရာယ်ဖြစ်လာနိုင်သည့်အခါ ဆရာဝန်နှင့်ပြသပြီး ပြုစုစောင့်ရှောက်မှုပြုလုပ်သင့်သည်။ ဓာတ်မတည့်သည့်ပစ္စည်းများ၊ ဆေးဝါးများကိုစာအုပ်ဖြင့်မှတ်ထားသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ဒေါက်တာလွင်သန့်

---

## ဝါးခယ်မမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရေးဆွေးနွေး



ဝါးခယ်မ ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်ဇေယျခန်းမ၌ ဧပြီလ ၂၁ ရက်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရေး ဆွေးနွေးပွဲကို ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောမြသိန်းနှင့်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝေလွင်မိုးတို့က လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်သူများအတွက် ပြည်သူ့အစိုးရ၏ ရက်(၁၀၀)စီမံချက် အစီအစဉ်အနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇) အသစ်လျှောက်ခြင်း၊ အမည်ပြောင်းခြင်း၊ မြေငှားဂရန်နှင့် စက်မှုမြေငှားဂရန်များ၊ အိမ်ထောင်စုဇယားပုံစံ(၁၀)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းများအပါအဝင် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ မြို့သန့်ရှင်းသာယာလှပစေရေးကိစ္စရပ်များနှင့် ပတ်သက်၍ မြို့နယ်အတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်စေရေး အလေးထားဆောင်ရွက်ရန်ဆွေးနွေးကြောင်း သိရသည်။

လွှမ်းသီဟ(ပြန်/ဆက်)

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

မော်လမြိုင်ကျွန်း ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ် (၆) ရပ်ကွက် ကြံခင်းလမ်းရှိ နေအိမ်များ၌ ခြင်မှတစ်ဆင့်ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန် ဧပြီလ ၂၁ ရက် နံနက်ပိုင်းတွင် ဆေးများခပ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ဝင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်တို့က သွားရောက်ကြည့်ရှုအားပေးသည်။



ထို့သို့ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာစန်းဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်သူ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက လမ်းအတွင်းရှိရေတွင်း၊ ရေကန်များ၊ သိုလှောင်ကန်များအား ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ အသုံးမပြုသော ရေအိုးရေခွက်များ၊ တာယာကွင်းများထဲတွင် ရေဝင်ရောက်ပြီး ခြင်ပေါက်ပွားနိုင်သည့်အတွက် စနစ်တကျထားရှိစေရန်နှင့် ခြင်မှတစ်ဆင့်ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဆေးများခပ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ်၌ ပန်းနှမ်းကေအားလုံးရိတ်သိမ်းပြီးစီး

ပွင့်ဖြူ ဧပြီ ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော ပန်းနှမ်းကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပန်းနှမ်း ၃၂၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသောပန်းနှမ်းစိုက်ခင်းများကို မတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၈ ဒသမ ၈ တင်း ထွက်ရှိသည်။

"ဆောင်းသီးနှံရာသီက ပွင့်ဖြူမြို့နယ်မှာ ပန်းနှမ်း ၃၂၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ အဲဒီစိုက်ပျိုးထားတဲ့ ပန်းနှမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပန်းနှမ်းသီးနှံက ဒီဒေသမှာ အောင်မြင်ဖြစ်ထွန်းမှုရှိတဲ့အတွက် တစ်နှစ်ထက်တစ်နှစ် စိုက်ဧကတွေ တိုးတက်လာတယ်။ ပန်းနှမ်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တောင်သူတွေကို အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်အောင် စိုက်နည်းစနစ်နဲ့ ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေရရှိအောင် ကူညီဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပန်းနှမ်းစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းတိုးတက်ကောင်းမွန်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေးနှင့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

ပန်းနှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပန်းနှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# တိုင်းဒေသကြီးအဆင့် မူလတန်းပြဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း(Main Course) ဖွင့်လှစ်



မြိတ် ဧပြီ ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တက္ကသိုလ်ရပ်ကွက် နတ်စင်လမ်းရှိ မြိတ်တက္ကသိုလ် ပင်မဆောင် ပုလဲသစ္စာခန်းမ၌ တိုင်းဒေသကြီးအဆင့် မူလတန်းပြဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း (Main Course) ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၀ ရက် မွန်းလွဲပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက အဖွင့်အမှာစကားပြောကြားပြီး မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိက မူလတန်းပြဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း ( Main Course ) နှင့်ပတ်သက်သည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြိတ်တက္ကသိုလ် အင်္ဂလိပ်စာဌာန (ဌာနမှူး)တွဲဖက်ပါမောက္ခ ဒေါ်အေးစိမ့်စိမ့်သူက သင်တန်းပို့ချမည့် ဆရာ၊ ဆရာမများကိုယ်စား သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို ဧပြီလ ၂၀ ရက်မှ မေလ ၂၂ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိသင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းတွင် နည်းပြများအဖြစ် မြိတ်တက္ကသိုလ်မှ အင်္ဂလိပ်စာ(ဌာနမှူး) တွဲဖက်ပါမောက္ခ ဒေါ်အေးစိမ့်စိမ့်သူနှင့် ဆရာမနှစ်ဦး၊ အခြေခံပညာဦးစီးဌာနမှ ဆရာမငါးဦးတို့က သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

## ညီညာပေါင်းစု အောင်ကြောင်းပြု

◆ တို့နိုင်ငံ ဂုဏ်သတင်း
ထုံသင်းဖို့ ကြံဆောင်ရာ။
စည်းကမ်းအညှ ဝီတာဝန်ထမ်း
ကြိုးပမ်းညီညာ။
အမုန်းကင်းလို့နေထိုင်ပါ
ထင်းစည်းပမာခိုင်မြဲ။
ဇာတိမာန်ဇာတိသွေးကိုဖြင့်
မွေးထုတ်ရင်ထဲ။

◆ ဘယ်သူတွေ ဘယ်လိုခွဲ
သွေးမကွဲ ပေါင်းစည်းသော်။
သွေးချင်းတွေ တရားမပျက်မှ
ရှေ့ဆက်တူပျော်။
ပြည်ထောင်စုရဲ့မြို့တော်
တိုင်းရင်းဖော် ဆွေတစ်သင်း။
ပြည်ဖျက်ရန်အမိုက်ငုတ်ကိုလ
တိုက်ထုတ်ဖယ်ရှင်း။

◆ မနာလိုဝန်တိုကင်း
အစဉ်ရိုင်းပင်း ညီတူ။
အမျိုးဘာသာ အစဉ်မပျောက်ဖို့
တည်ဆောက်ပြည်သူ။
ခေတ်အဆက်ဆက်အောင်လံထူ
ဂုဏ်ယူစရာ စိတ်ဓာတ်များ။
အသိဉာဏ်ဖြာ ဖြူစင်မဟောင်းပါမှ
အမိမြန်မာ အစဉ်ကောင်းမယ်
(အိုကွယ်...)
စုပေါင်းအင်အား။ ။

ဈာန်လေး(ပညာရေး)

........................

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# ပဲခူးမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**ပဲခူး ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် (၄၁)ကြိမ်မြောက် လစဉ်အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုအား ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုအားပေးသည်။



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူတို့သည် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုလာရောက်ခံယူနေကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနေမှုနှင့်ရေသန့်၊ ကော်ဖီနှင့်အာဟာရမုန့်များ အခမဲ့တိုက်ကျွေးနေမှုများအား လိုက်လံကြည့်ရှုခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့်ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာပျော်ရွှင်အသက်ရှည်စွာနေထိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှု လစဉ်တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှုစစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါး ၁ လစာ လစဉ်ထောက်ပံ့ပေးခြင်းအပြင် ကာကွယ်ဆေးထိုးပေးခြင်းနှင့် အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၁၀)

# သပိတ်ကျင်းမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်

**သပိတ်ကျင်း ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင်သပိတ်ကျင်းမြို့နယ်တွင် နယ်မြေဒေသအခြေအနေကြောင့် ယာယီပိတ်သိမ်းခဲ့သည့် မြန်မာ့စီးပွားရေးဘဏ်ခွဲကို ယခုအခါဒေသအတွင်း တည်ငြိမ်လာပြီဖြစ်သဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ရန် ယနေ့နံနက် ၉ နာရီတွင် စတင်၍ ပြန်လည်ဖွင့်လှစ်ပြီဖြစ်သည်။

ထိုသို့ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် သပိတ်ကျင်းမြို့နယ်တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၏ လစာငွေများထုတ်ပေးခြင်း၊ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများထုတ်ပေးခြင်း၊ စုဆောင်းငွေများလက်ခံခြင်း၊ ဒေသအသီးသီးသို့ ငွေလွှဲပို့ပေးခြင်းနှင့် အခြားသောဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သပိတ်ကျင်းမြို့ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးရဲနိုင်ထံမှ သိရသည်။

အဆိုပါဘဏ်ဖွင့်ပွဲတွင် သပိတ်ကျင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုင်အေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ဝင်းနှင့် သပိတ်ကျင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးရဲနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာများပက်ဖျန်းပေးပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# စဉ့်ကူးမြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲဖွင့်လှစ်

**နေပြည်တော် ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကျော်စွာဝင်းခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်း၊ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်ခင်မိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာ့စီးပွားရေးဘဏ်ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

တင်ဇာလွင်(ပြန်/ဆက်)



# မိုးကုတ်မြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မိုးကုတ် ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ(မိုးကုတ်)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြို့မ ရပ်ကွက်ဈေးဟောင်းရပ်ရှိ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားကို အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးပါပါလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းများစတင်ဆောင်ရွက်နေမှုကိုလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဧပြီ ၂၁**

ယနေ့နံနက် ၆ နာရီ ၃၈ မိနစ် ၂၆ စက္ကန့်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အနောက်-အနောက်မြောက်ဘက် ၅၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မော်လိုက်မြို့၏ အရှေ့တောင်ဘက် ၂၈ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၃၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၇၃ ဒီဂရီ၊ အနက် ၁၀၆ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၄ ဒသမ ၅ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အား အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများရှင်းလင်း

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းလမ်းညွှန်ချက်အပေါ် ရှင်းလင်းခြင်းအစီအစဉ်ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော် ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်၊ ဒေါက်တာစန္ဒာဦးနှင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။





ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ငွေရေးကြေးရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းကဏ္ဍတည်ငြိမ်ရေး၊ ကျပ်ငွေတန်ဖိုးတည်ငြိမ်ရေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်ရေးတို့သည် အရေးကြီးသောလုပ်ငန်းများဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ချေးငွေများ ရရှိစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပံ့ပိုးပေးမည့်အစီအစဉ်များလည်းရှိကြောင်း၊ ကျပ်ငွေတန်ဖိုးတည်ငြိမ်ရေးအတွက် နိုင်ငံ၏မေခရိုစီးပွားရေးအခြေအနေ၊ ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့နှင့် လိုက်လျောညီထွေရှိစေမည့် ငွေကြေးပမာဏတစ်ရပ်ကို ရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းလျှော့ချနိုင်စေရန်သင့်လျော်၍ ဟန်ချက်ညီသည့် ငွေကြေးမူဝါဒနည်းလမ်းများဖြင့် နိုင်ငံတော်၏ ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးမှု (Sustainable Growth)၊ ဘဏ်လုပ်ငန်းကဏ္ဍ တည်ငြိမ်ရေးတို့ကို ပံ့ပိုးစေနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်ရေးအတွက် Worker Remittance များ တရားဝင်ဘဏ်လမ်းကြောင်းမှ ပိုမိုဝင်ရောက်လာစေရေးအတွက် Flexible Exchange Rate ဖြင့် ဘဏ်များအား ဝယ်ယူစေခြင်း၊ အရေးကြီးကုန်စည်များ၊ ဦးစားပေးကုန်စည်များ တင်သွင်းရန်လိုအပ်သော နိုင်ငံခြားငွေများကို နိုင်ငံ၏ နိုင်ငံခြားသုံးသီးသန့်ငွေအခြေအနေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဈေးကွက်သို့ ဝင်ရောက်ရောင်းချပေးခြင်း (FX Intervention) ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အာဆီယံအစည်းအဝေးများ၊ အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ (SEACEN) အစည်းအဝေးများ၊ အာရှစာရင်းရှင်းလင်းရေးအဖွဲ့ (ACU)အစည်းအဝေးများသို့ စဉ်ဆက်မပြတ် တက်ရောက်လျက်ရှိပြီး ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌများကလည်း လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်နိုင်ရေး၊ ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၅)အဆန်/အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားတိုက်ရိုက်စတင်ပြေးဆွဲမည်

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများအဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန်ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားအား ၂၀၂၆ ခုနှစ် မေလ ၁ ရက်မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၅)အဆန် | ရန်ကုန် | မန္တလေး | ၀၆:၀၀ | ၁၆:၀၀ | (၁၀)နာရီ |
| ၂ | အမှတ်(၆)အစုန် | မန္တလေး | ရန်ကုန် | ၀၆:၀၀ | ၁၆:၁၀ | (၁၀)နာရီ(၁၀)မိနစ် |

ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တစ်လျှောက် ရပ်တန့်ဘူတာများမှာ တိုးကြောင်ကလေး၊ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ ရမည်းသင်း၊ သာစည်၊ ကျောက်ဆည်ဘူတာတို့ ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ အထက်တန်းငွေကျပ် (၄၈၀၀၀) နှင့် ပထမတန်းငွေကျပ် (၃၄၀၀၀) တို့ဖြစ်သည်။

ရန်ကုန် - နေပြည်တော် - ရန်ကုန် ခရီးစဉ်တစ်လျှောက် အမှတ် (၃၁) အဆန်/ အမှတ် (၃၂) အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာယခင်အတိုင်းဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၃၁)အဆန် | ရန်ကုန် | နေပြည်တော် | ၁၀:၀၀ | ၁၅:၀၀ | (၅)နာရီ |
| ၂ | အမှတ်(၃၂)အစုန် | နေပြည်တော် | ရန်ကုန် | ၁၀:၀၀ | ၁၅:၁၀ | (၅)နာရီ |

ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်တစ်လျှောက် အမှတ်(၇)အဆန်/ အမှတ်(၈)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာယခင်အတိုင်းဖြစ်သည်။



| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၁၂:၃၀ | ၁၇:၃၀ | (၅)နာရီ |
| ၂ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၇:၃၁၀ | (၅)နာရီ |

ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင်ပြေးဆွဲမည့် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် DEMU လူစီးအမြန်ရထားများနှင့်ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်တွင်ပြေးဆွဲနေသော အမှတ်(၃၁) အဆန်/ အမှတ်(၃၂)အစုန်၊ အမှတ်(၇)အဆန်/ အမှတ်(၈)အစုန် လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများ၏ ထိုင်ခုံလက်မှတ်များအား Online Railways Ticketing and Payment (ORTP) System ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် ရထားစီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားခရီးစဉ်များတိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားတွဲများထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ယူနန်ပြည်နယ်ဆိုင်ရာကော်မတီအတွင်းရေးမှူး H.E.Mr. Xu Qin ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း ညစာဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော်　ဧပြီ　၂၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးကံမြင့်သန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ် ကွန်မြူနစ်ပါတီ၏ ယူနန်ပြည်နယ် ဆိုင်ရာကော်မတီအတွင်းရေးမှူး H.E.Mr. Xu Qin ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ Jasmine ဟိုတယ်၌ ညစာဖြင့် တည်ခင်း ဧည့်ခံသည်။

ညစာစားပွဲသို့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia ၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယူနန်ပြည်နယ် ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာ-တရုတ် ရင်းနှီးမြုပ်နှံမှုနှင့်ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက နှုတ်ခွန်းဆက်စကားပြော ကြားပြီး ယူနန်ပြည်နယ် ပြည်သူ့ ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ယူနန်ပြည်နယ်ဆိုင်ရာကော်မတီအတွင်းရေးမှူး H.E.Mr. Xu Qin က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့်နေပြည်တော်ကောင်စီ ဥက္ကဋ္ဌတို့သည် ဧည့်သည်တော်များနှင့်အတူ ညစာကို ချစ်ကြည်ရင်းနှီးစွာ အတူတကွ သုံးဆောင်ကြပြီး ညစာသုံးဆောင်နေစဉ် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနက သာယာ ငြိမ့်ညောင်းသော ဂီတသံစဉ်များဖြင့် ဖျော်ဖြေကြသည်။



ညစာစားပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ယူနန်ပြည်နယ်ဆိုင်ရာကော်မတီအတွင်းရေးမှူး တို့က ဖျော်ဖြေခဲ့ကြသည့် အနုပညာဦးစီးဌာနမှအနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းများပေးအပ်ပြီး အပြန်အလှန်အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ကြကြောင်း သိရသည်။　　မြဝတီ

---

# ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ရောက်ရှိ



နေပြည်တော်　ဧပြီ　၂၁

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့ ဦးဆောင်သည့်ကိုယ်စားလှယ် အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နှင့်တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်းသိရသည်။　　မြဝတီ

---

# အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော်　ဧပြီ　၂၁

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များ ချပြရှင်းလင်းခြင်းနှင့် အစိုးရ၏ ရက်(၁၀၀) ကာလအတွင်း ဆက်လက်ဆောင်ရွက် မည့်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက် နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းနှင့် ဒေါက်တာခိုင်ခိုင်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေး မှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက် ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်း အဝေးကို ယမန်နေ့ကကျင်းပခဲ့ပြီး နိုင်ငံတော် သမ္မတက အစိုးရအဖွဲ့အနေဖြင့် ရက်ပေါင်း (၁၀၀)အတွင်း ဆောင်ရွက်မည့်ကိစ္စရပ်များ နှင့်ပတ်သက်၍လမ်းညွှန်ခဲ့ကြောင်း၊ ယင်း အစည်းအဝေးတွင် မိမိတို့ဝန်ကြီးဌာနအနေ ဖြင့် အသက် ၁၀ နှစ်ပြည့် ကလေးငယ်များ အား နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်း ဆောင်ရွက်ပေးမည့်အခြေအနေ၊ e-ID စနစ် ဖြင့် စာရင်းအချက်အလက်များကောက်ယူ ခြင်းလုပ်ငန်းတိုးမြှင့်ဆောင်ရွက်မည့်အခြေ အနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြမ်းဖက် ဖြစ်စဉ်များကြောင့် ရွှေ့ပြောင်းနေထိုင်သူ များအနက် နိုင်ငံသားကတ်ပြား ပျက်စီး/ ပျောက်ဆုံးသူများ၊ အသက် ၁၈ နှစ်ပြည့် ပြီးသူ၊ နိုင်ငံသားကတ်ပြားလဲလှယ်မည့်သူ များကိုဆောင်ရွက်ပေးခြင်းနှင့် ကျောင်းဖွင့် ရာသီဖွင့်လှစ်ထားသော ... ပြည့်ပြီးသူ ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားကတ်ပြား ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Biometric/ Biographic ကောက်ယူကာ Uinque ID နံပါတ်တစ်ပါတည်း ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်နှစ်ရပ်ကို ယခုရက်(၁၀၀)ကာလအတွင်း ထိရောက် အောင်မြင်စွာဆောင်ရွက်နိုင်ရေးစီမံချက် များ စနစ်တကျရေးဆွဲဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍ အလိုက် အကောင်အထည်ဖော်ဆောင်ရွက် နေမှုနှင့် အစိုးရအဖွဲ့၏ ရက်(၁၀၀)ကာလ အတွင်း ဝန်ကြီးဌာနအနေဖြင့် အကောင် အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ် များ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးလင်းဇော် ထွန်းနှင့် ဒေါက်တာခိုင်ခိုင်စိုးတို့က ဖြည့်စွက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်းသိရသည်။　　မြဝတီ

---

# ပိုင်ကျုံမြို့၌ ကော်ဖီပျိုးပင်များထောက်ပံ့ပေးအပ်

ပိုင်ကျုံ　ဧပြီ　၂၁

ကရင်ပြည်နယ် ပိုင်ကျုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကော်ဖီစိုက်ပျိုးမည့်တောင်သူများအား ကော်ဖီပျိုးပင်များထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းကကျင်းပရာ မြို့အုပ်ချုပ်ရေးမှူးက ကော်ဖီစိုက်ပျိုးခြင်း၏ရည်ရွယ်ချက်များ၊ ကော်ဖီစိုက်ပျိုးခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့်မြို့ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ကော်ဖီပျိုးပင်များပေးအပ်ရခြင်း၏ရည်ရွယ်ချက်ကိုပြောကြားသည်။

ထို့နောက်တာဝန်ရှိသူများက ကော်ဖီစိုက်ပျိုးမည့်တောင်သူများထံ ပျိုးပင်များထောက်ပံ့ပေးအပ်သည်။ ပိုင်ကျုံမြို့တွင် ကော်ဖီဧက ၁၀၀ စိုက်ပျိုးရန် လျာထားပြီး လျာထားစိုက်ဧကပြည့်မီရေးအတွက် ပျိုးပင်များကိုဆက်လက် ဖြန့်ဝေပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။　　(၄၀၆)



---

## ၂၁-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

---

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ဒီမိုကရေစီအစိုးရသစ်နဲ့အတူ ရိုးရာမပျက်ခဲ့သောသင်္ကြန်”** ခေါင်းစဉ်ဖြင့် ၂၂-၄-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၉-၄-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“အုပ်ချုပ်ရေးစနစ်ပြောင်းလဲခဲ့ပေမယ့် အဖျက်အမှောင့်နဲ့ အပြစ်မဲ့ပြည်သူကို ခြိမ်းခြောက်သတ်ဖြတ်ရေးအလုပ်တွေကိုသာ အရှိန်မပျက် လုပ်နေဆဲအကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည် ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သော ကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကမ္ဘာမြေနေ့အထိမ်းအမှတ်ဆောင်းပါး

# ကမ္ဘာမြေကျန်းမာဖို့ တို့တစ်တွေဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစို့

ကိုဘုန်း

ကမ္ဘာမြေကြီး၏ သဘာဝအရင်းအမြစ်များသည် သက်ရှိများအတွက် မရှိမဖြစ် အခြေခံအုတ်မြစ်များအဖြစ် ဆောင်ရွက်ပေးသည့်အပြင် ဂေဟစနစ်မျိုးစုံ၏ ရှင်သန်ဖွံ့ဖြိုးမှုအတွက်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသည်။ ကမ္ဘာမြေသည် လူသားတို့အား အသက်ရှင်ရပ်တည်ရန် လိုအပ်သော လေ၊ ရေ၊ အစားအစာနှင့်နေထိုင်စရာကို များစွာအထောက်အကူပြုပေးလျက်ရှိသော်လည်း လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် ဤနုနယ်သောဟန်ချက်မှာ နေ့စဉ်ခြိမ်းခြောက်ခံနေရသည်။ ထို့ကြောင့် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်း၊ ရာသီဥတုပြောင်းလဲမှု၊ စိန်ခေါ်မှုများကို ရင်ဆိုင်ခြင်းနှင့် သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့သောနည်းလမ်းဖြင့် အသုံးပြုခြင်းတို့သည် ယနေ့ခေတ်၏ အရေးတကြီးလုပ်ဆောင်ရမည့် တာဝန်များဖြစ်လာသည်။

**အပြည်ပြည်ဆိုင်ရာ ကမ္ဘာမြေနေ့ စတင်ပေါ်ပေါက်လာပုံ**

၁၉၆၉ ခုနှစ် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် စန်ဒါဘာဘရာကမ်းခြေအနီးတွင် ဆိုးရွားလှသည့် ရေနံယိုဖိတ်မှုကြီးဖြစ်ပွားခဲ့သည်။ ထိုဘေးအန္တရာယ်ကြောင့်ပင်လယ်ငှက်များနှင့်ပင်လယ်သတ္တဝါအမြောက်အမြားသေကျေပျက်စီးကာ ဂေဟစနစ်တစ်ခုလုံး နှစ်ပေါင်းများစွာထိခိုက်ခဲ့ရသည်။

> ➲ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းသည် လူသားတို့၏ အနာဂတ်အတွက် အရေးကြီးသောတာဝန်တစ်ရပ်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကိုမပျက်စီးစေဘဲ ရေရှည်တည်တံ့သောနည်းလမ်းများ အသုံးပြုခြင်းဖြင့် ကျွန်ုပ်တို့သည် မိမိတို့၏မျိုးဆက်သစ်များအတွက် ကျန်းမာသန့်ရှင်းသော ကမ္ဘာမြေတစ်ခုကို ချန်ထားနိုင်မည်ဖြစ် . . .

အမေရိကန်အထက်လွှတ်တော်အမတ် Gaylord Nelson က ထိုဖြစ်ရပ်ဆိုးကို မျက်ဝါးထင်ထင်မြင်တွေ့ပြီးနောက်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသိပညာပေးရန် အရေးတကြီးလိုအပ်ကြောင်း သဘောပေါက်ခဲ့သည်။ ထို့ကြောင့် ၎င်းသည် တက်ကြွလှုပ်ရှားသူ Denis Hayes နှင့်ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်အတွက် ရည်စူးသည့် အထိမ်းအမှတ်နေ့တစ်နေ့သတ်မှတ်ရန် ကြိုးပမ်းခဲ့သည်။

၁၉၇၀ ပြည့်နှစ် ဧပြီလ ၂၂ ရက်နေ့တွင် ပထမဆုံးအကြိမ် "ကမ္ဘာမြေနေ့" (Earth Day)ကိုကျင်းပနိုင်ခဲ့သည်။ ယနေ့အခါတွင် ထိုနေ့ကို "အပြည်ပြည်ဆိုင်ရာ မိခင်ကမ္ဘာမြေနေ့" (International Mother Earth Day) အဖြစ် နိုင်ငံပေါင်း ၁၉၂ နိုင်ငံက နှစ်စဉ်ကျင်းပလျက်ရှိသည်။ ထို့ကြောင့် စန်ဒါဘာဘရာရေနံယိုဖိတ်မှုကြီးသည် ဝမ်းနည်းဖွယ် သမိုင်းမှတ်တိုင်တစ်ခုသာမက ခေတ်သစ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုကြီး၏ အစပျိုးပေးခဲ့သော အရေးပါသည့်အကြောင်းရင်းလည်းဖြစ်သည်။

**ကမ္ဘာမြေနှင့်ရာသီဥတုပြောင်းလဲခြင်း**

ရာသီဥတုပြောင်းလဲမှုဆိုသည်မှာ ရာစုနှစ်များမှ နှစ်သန်းပေါင်းများစွာ အချိန်ကာလအတွင်း ပြောင်းလဲလာသည့် ရာသီဥတုဆိုင်ရာ ကိန်းဂဏန်းစာရင်းဇယားသတ်မှတ်မှုများ ပြောင်းလဲခြင်းဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်းမှာ တိကျသောဒေသတစ်ခုအတွင်းသာ ပြောင်းလဲခြင်းဖြစ်နိုင်သကဲ့သို့ ကမ္ဘာမြေတစ်လွှား အနှံ့အပြားလည်းဖြစ်ပေါ်နိုင်သည်။ လူသားဖြစ်စဉ်တိုးတက်လာခြင်းအချက်များမှ လူသားလုပ်ဆောင်မှုများကြောင့် ပတ်ဝန်းကျင်ကိုပြောင်းလဲစေသည်။ ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှ ရုပ်ကြွင်းလောင်စာကို အလွန်အကျွံထုတ်ယူသုံးစွဲမှု၊ သဘာဝဓာတ်ငွေ့ အရင်းအမြစ်များကို ပိုမိုအသုံးပြုလာမှု၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျမစွန့်ပစ်မှု၊ စက်ရုံအလုပ်ရုံများနှင့် ယာဉ်များမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုစသည်တို့ကြောင့်ကမ္ဘာ့နေရာအနှံ့အပြားတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် မုန်တိုင်းများကဲ့သို့ ပြင်းထန်သောရာသီဥတုဖြစ်စဉ်များကြောင့် ကမ္ဘာမြေသည် နာမကျန်းဖြစ်လာရသည်။

ရာသီဥတုပြောင်းလဲမှုသည် လက်ရှိကမ္ဘာကြီးရင်ဆိုင်နေရသော အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပြီး ယင်းပြဿနာကိုဖြေရှင်းရန် အသိပညာမြှင့်တင်ခြင်းသည်အရေးပါသောအချက်ဖြစ်သည်။ ကျောင်းသင်ရိုးညွှန်းတမ်းများတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာအကြောင်းအရာများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သော လက်တွေ့ဆောင်ရွက်ချက်များ (ဥပမာ – သစ်ပင်စိုက်ခြင်း၊ အမှိုက်လျှော့ချခြင်း) ကို ထည့်သွင်းသင်ကြားခြင်း၊ ရုပ်သံ၊ ရေဒီယို၊ လူမှုကွန်ရက်များမှတစ်ဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အချက်အလက်များကို မျှဝေခြင်း၊ ကျေးရွာနှင့်မြို့ပြများတွင် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများကျင်းပခြင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြပွဲများနှင့် လက်တွေ့ပြသမှုများပြုလုပ်ခြင်း၊ လူငယ်အဖွဲ့အစည်းများဖွဲ့စည်းကာ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး နည်းပညာများကို ကျေးရွာများတွင် မိတ်ဆက်ခြင်း (ဥပမာ – နေစွမ်းအင်သုံးမီးလင်းစနစ်) စသည်တို့ဖြင့် ပြည်သူလူထုကို ရာသီဥတုပြောင်းလဲမှုအား ကြိုတင်ကာကွယ်နိုင်ရန် အသိပညာများပေးနိုင်သည်။

**သဘာဝအရင်းအမြစ်များကိုလည်းချွေတာ၍ အကျိုးရှိအောင်သုံးစွဲသင့်**

ကမ္ဘာမြေကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် သဘာဝအရင်းအမြစ်များကိုလည်း ချွေတာ၍ အကျိုးရှိအောင်သုံးစွဲသင့်သည်။ သဘာဝအရင်းအမြစ်များကို ချွေတာခြင်းသည် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝတွင် လွယ်ကူစွာလုပ်ဆောင်နိုင်သောအလေ့အကျင့်များဖြင့်စတင်နိုင်သည်။ တစ်ဦးချင်း၏ အနည်းငယ်စီသော ပါဝင်မှုများသည် ရေရှည်တွင် ကြီးမားသော အကျိုးသက်ရောက်မှုများကို ဖြစ်စေနိုင်သည်။ မိုးရေသိုလှောင်စနစ်တပ်ဆင်အသုံးပြုခြင်း၊ ရေပိုက်နှင့် ဘုံပိုင်များယိုစိမ့်မှုရှိ၊ မရှိ ပုံမှန်စစ်ဆေးခြင်း၊ ရေချိုးချိန် ၅ မိနစ်မှ ၇ မိနစ်ထက်မပိုစေရန်ဂရုပြုခြင်း၊ နေ့အချိန်တွင် သဘာဝအလင်းရောင်ကို အများဆုံးအသုံးချခြင်း၊ မလိုအပ်သောလျှပ်စစ်ပစ္စည်းများကို ပလပ်မှဖြုတ်ထားခြင်း၊ အော်ဂဲနစ်စိုက်ပျိုးနည်းများ အသုံးပြုခြင်း၊ သစ်ရွက်ဆွေးမြည့်ပျက်စီးမှုကို အသုံးပြု၍ သဘာဝမြေဩဇာပြုလုပ်ခြင်း၊ မြေဆီလွှာတိုက်စားမှုကာကွယ်ရန် သီးထပ်စိုက်ပျိုးခြင်း၊ စက္ကူအသုံးပြုမှု ၅၀ရာခိုင်နှုန်းလျှော့ချခြင်း (ဥပမာ – နှစ်ဖက်သုံးခြင်း)၊ သစ်သားအစား ပြန်လည်ပြည့်ဖြိုးမြဲသောပစ္စည်းများရွေးချယ်ခြင်း၊ သစ်ပင်တစ်ပင်ခုတ်လျှင် နှစ်ပင်ပြန်စိုက်ခြင်း၊ အစားအစာများကို စနစ်တကျသိုလှောင်ခြင်း၊ စားကြွင်းစားကျန်အစာများကို မြေဩဇာအဖြစ်အသုံးချခြင်း၊ ပြန်လည်အသုံးပြုနိုင်သော ရေဘူးများအသုံးပြုခြင်း၊ ပလတ်စတစ်အစား ဖန်သား၊ သံသားပစ္စည်းများရွေးချယ်ခြင်း၊ အမှိုက်ခွဲခြားစွန့်ပစ်ခြင်း (ပြန်လည်အသုံးပြုနိုင်သော၊ မပြုလုပ်နိုင်သော)၊ မြေပြင်အောက်ရေသိုလှောင်စနစ်များ တည်ဆောက်ခြင်း၊ မိသားစုဝင်များအား သဘာဝအရင်းအမြစ်များ၏ အရေးပါမှုကို သင်ကြားပေးခြင်း၊ လူမှုကွန်ရက်များတွင် ချွေတာနည်းလမ်းကောင်းများ မျှဝေခြင်း၊ ဒေသခံပြည်သူများနှင့်သဘာဝထိန်းသိမ်းရေး လှုပ်ရှားမှုများပူးပေါင်းပါဝင်ခြင်း စသည်တို့ဖြင့် သဘာဝအရင်းအမြစ်များကိုချွေတာပြီး မိခင်ကမ္ဘာမြေကြီးကို စောင့်ရှောက်ထိန်းသိမ်းနိုင်သည်။

> ➲ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းသည် ကမ္ဘာမြေ၏ ကျန်းမာရေးနှင့် လူသားတို့၏ရေရှည်ရပ်တည်နိုင်မှုအတွက် အရေးကြီးသောအချက်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးလျက်ရှိပြီး ဤအရာများကိုကာကွယ်ရန် နိုင်ငံတကာနှင့် ဒေသဆိုင်ရာကြိုးပမ်းမှုများလိုအပ် . . .

**ကမ္ဘာမြေ၏ကျန်းမာရေးအတွက် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကိုထိန်းသိမ်းခြင်း**

ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းသည် ကမ္ဘာမြေ၏ ကျန်းမာရေးနှင့် လူသားတို့၏ ရေရှည်ရပ်တည်နိုင်မှုအတွက် အရေးကြီးသော အချက်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးလျက်ရှိပြီး ဤအရာများကိုကာကွယ်ရန် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ကြိုးပမ်းမှုများလိုအပ်နေသည်။

ဂေဟစနစ် (Ecosystem)ဆိုသည်မှာ သက်ရှိများ (အပင်နှင့်တိရစ္ဆာန်)နှင့် သူတို့၏ရုပ်ပတ်ဝန်းကျင် (ရေ၊ မြေ၊ လေ)တို့ ပြန်လည်ဆက်စပ်နေသော စနစ်ဖြစ်သည်။ ဂေဟစနစ်ကိုထိန်းသိမ်းရန် အဓိကနည်းလမ်းများရှိသည်။ သစ်တောပြုန်းတီးမှုကို လျှော့ချခြင်း (ဥပမာ – မလိုအပ်သော သစ်ခုတ်ခြင်းကိုတားမြစ်ခြင်း)၊ သစ်တောပြန်လည်စိုက်ပျိုးခြင်းနှင့် သဘာဝသစ်တောများ ပြန်လည်ထူထောင်ခြင်း၊ မြစ်များ၊ အင်းအိုင်များနှင့် ပင်လယ်သမုဒ္ဒရာများကို ညစ်ညမ်းမှုမှ ကာကွယ်ခြင်း၊ ရေချို/ ရေငန် ငါးဖမ်းမှုကို စည်းကမ်းချမှတ်ခြင်း၊ ဓာတုမြေဩဇာအသုံးပြုမှုကို လျှော့ချခြင်း၊ သဘာဝစိုက်ပျိုးရေးနည်းလမ်းများကိုအားပေးခြင်း၊ ပလတ်စတစ်အသုံးပြုမှုလျှော့ချခြင်း၊ ပြန်လည်အသုံးပြုနိုင်သော၊ ဇီဝဆွေးမြည့်ပျက်စီးနိုင်သောပစ္စည်းများကို ရွေးချယ်အသုံးပြုခြင်း စသည့်နည်းလမ်းများဖြင့် ဂေဟစနစ်ကိုကာကွယ်နိုင်သည်။

ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ ကမ္ဘာပေါ်ရှိမတူညီသော အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ၊ သူတို့၏ ဗီဇမျိုးကွဲများနှင့် ဂေဟစနစ်များ၏ ကွဲပြားမှုကိုဆိုလိုသည်။ သစ်တောပြုန်းတီးခြင်း၊ လူဦးရေတိုးပွားမှုနှင့် မြို့ပြကျယ်ကျယ်ပြန့်ပြန့်တည်ဆောက်ခြင်း၊ ရာသီဥတုပြောင်းလဲမှု၊ အလွန်အကျွံငါးဖမ်းခြင်း၊ တောရိုင်းတိရစ္ဆာန်များကို မလိုအပ်ဘဲဖမ်းဆီးခြင်း စသည်တို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများကို ဆုံးရှုံးရသည်။ ထို့ကြောင့် အမျိုးသားဥယျာဉ်များ၊ သဘာဝဘေးမှ ကာကွယ်ထားသော နယ်မြေများ ဖန်တီးခြင်း၊ မျိုးသုဉ်းလုနီးပါးဖြစ်နေသော မျိုးစိတ်များအား ဥပဒေဖြင့်ကာကွယ်ခြင်း၊ တရားမဝင်သစ်တောနှင့် တောရိုင်းတိရစ္ဆာန်ရောင်းဝယ်မှုကို တိုက်ဖျက်ခြင်း၊ မျိုးသုဉ်းလုနီးပါးဖြစ်နေသော သတ္တဝါများအတွက် မွေးမြူရေးစင်တာများထူထောင်ခြင်း၊ နိုင်ငံခြားမှ ဝင်ရောက်လာသော မျိုးစိတ်များကို ထိန်းချုပ်ခြင်း၊ ဒေသရင်းမျိုးစိတ်များ ပြန်လည်ပေါက်ဖွားရန် ကူညီခြင်း၊ လူထုအား ဇီဝမျိုးစုံမျိုးကွဲ၏ အရေးပါမှုကို သိရှိစေရန် ပညာပေးခြင်း၊ ကျေးရွာနှင့် မြို့ပြလူထုအား သဘာဝထိန်းသိမ်းရေးတွင် ပါဝင်စေခြင်းတို့ဖြင့် ဇီဝမျိုးစုံမျိုးကွဲကို ကာကွယ်နိုင်သည်။

ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းသည် လူသားတို့၏အနာဂတ်အတွက်အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေဘဲ ရေရှည်တည်တံ့သောနည်းလမ်းများ အသုံးပြုခြင်းဖြင့် ကျွန်ုပ်တို့သည် မိမိတို့၏ မျိုးဆက်သစ်များအတွက် ကျန်းမာသန့်ရှင်းသော ကမ္ဘာမြေတစ်ခုကို ချန်ထားနိုင်မည်ဖြစ်သည်။

ကမ္ဘာမြေသည် လူသားမျိုးနွယ်အပါအဝင် သက်ရှိအားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော အိမ်တစ်အိမ်ဖြစ်သည်။ ကျွန်ုပ်တို့၏ လက်ရှိလုပ်ဆောင်ချက်များသည် ဤအိမ်၏ ကျန်းမာရေးနှင့်အနာဂတ်ကို တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည်။ ထို့ကြောင့် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း၊ ရာသီဥတုပြောင်းလဲမှုအား တန်ပြန်တိုက်ခိုက်ခြင်းနှင့် သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့သော နည်းလမ်းများအသုံးပြုခြင်းတို့ဖြင့် မိခင်ကမ္ဘာမြေကို စောင့်ရှောက်ခြင်းမှာ ကျွန်ုပ်တို့အားလုံး၏ တာဝန်ဝတ္တရားနှင့်အကျိုးစီးပွားဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## Naypyitaw State Academy ကို သုတေသန ရှေ့ပြေးတက္ကသိုလ်အဖြစ်ထူထောင်ရေး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy သို့ရောက်ရှိပြီး အပန်းဖြေရိပ်သာ (Recreation Centre) တည်ဆောက်ပြီးစီးမှုအခြေအနေကိုကြည့်ရှုကာ Naypyitaw State Academy တွင် Centre for Research and Innovation (CRI) ဖွင့်လှစ်နိုင်ရေးအတွက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Naypyitaw State Academy အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်သမ္မတက Naypyitaw State Academy ကို သုတေသနစွမ်းရည်မြှင့်တင်သည့်ရှေ့ပြေးတက္ကသိုလ်အဖြစ်တည်ဆောက်သွားမည်ဖြစ်ကြောင်းလမ်းညွှန်မှုပြုခဲ့ပြီးဖြစ်သဖြင့် အကောင်အထည်ဖော်ရမည့် ကိစ္စရပ်များကို လာရောက်လေ့လာခြင်းဖြစ်ကြောင်း။

Digital Education နှင့်ပတ်သက်၍ Digital Learning Platform ကို ဆောင်ရွက်ရမည်ဖြစ်ရာ သင်ယူမှုစီမံခန့်ခွဲရေးစနစ် (Learning Management System–LMS) ကို စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူ့ရည်ချွန်စီမံကိန်းအောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က Naypyitaw State Academy တွင် Centre for Research and Innovation–CRI တည်ထောင်နိုင်ရေးအတွက် အမှန်တကယ်လိုအပ်သည့်စက်ပစ္စည်းများကိုပြည့်စုံအောင်ဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Learning Management System–LMS နှင့်ပတ်သက်၍ Naypyitaw State Academy တွင် Digital Education ၏ အခြေခံအဆောက်အဦများဖြစ်သည့် Smart TV၊ Digital Learning Centre၊ LMS စနစ်နှင့် မြန်နှုန်းမြင့် အင်တာနက်လိုင်းများကို တပ်ဆင်ပေးထားပြီးဖြစ်သဖြင့် သင်ကြားရေး၊ သုတေသနနှင့်တီထွင်မှုလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းတင်ပြသည်။

ယင်းနောက် Naypyitaw State Academy ပါမောက္ခချုပ်ဒေါက်တာနုနုလွင်နှင့်ပါမောက္ခ (ဌာနမှူး)များက ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ၂၀၂၅–၂၀၂၆ ပညာသင်နှစ် လူ့ရည်ချွန်စခန်းများဖွင့်လှစ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ သက်ဆိုင်ရာကော်မတီအသီးသီးက မိမိတို့၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီဥက္ကဋ္ဌများက မိမိတို့ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ကျောင်းသားလူငယ်များအပါအဝင် ကျေးလက်နေ လူငယ်လူရွယ်များစာဖတ်ချင်လာအောင်၊ စာဖတ်ရှိန် မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်



နေပြည်တော် ဧပြီ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းများတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ဖိုးဝဇီရခန်းမ၌ပြုလုပ်သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက နိုင်ငံတော်သမ္မတနှင့်အစိုးရအဖွဲ့၏မူဝါဒများ၊ မိန့်ခွန်းများ၊ လမ်းညွှန်ချက်များကို ပြည်သူများအချိန်နှင့်တစ်ပြေးညီသိရှိအောင် ပြန်ကြားပေးရန်၊ အလားတူ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့၏လုပ်ဆောင်မှုများကိုလည်း ပြည်သူများသိရှိအောင် ပြန်ကြားပေးရန်၊ အစိုးရအဖွဲ့သစ်၏ ရက်(၁၀၀)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြည်သူများသိရှိအောင် ထုတ်ပြန်ပေးရန်၊ မိမိတို့ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များအား မိသားစုစိတ်ဓာတ်ဖြင့် ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ကြရန်၊ ကျောင်းသားလူငယ်များအပါအဝင် ကျေးလက်နေလူငယ်လူရွယ်များ စာဖတ်ချင်လာအောင်၊ စာဖတ်ရှိန်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်သွားရန်၊ တစ်ဦးနှင့်တစ်ဦးချစ်ချစ်ခင်ခင်ဖြင့် ရိုင်းပင်းကူညီဆောင်ရွက်သွားရန်၊ စက်ယန္တရားများ၊ ပစ္စည်းကိရိယာများကိုလည်း မပျက်မစီးအောင် မိမိတို့အတွေ့အကြုံပေါ်မူတည်ပြီး ကြိုတင်မြော်တွေးကာကွယ်သွားကြရန်နှင့် နွေရာသီရောက်ရှိပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်သတိပြုဆောင်ရွက်သွားကြရန်မှာကြားသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီး ဦးရဲတင့်က ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ကြေးမုံသတင်းစာတိုက်နှင့် မြန်မာ့အလင်းသတင်းစာတိုက် စာတည်းခန်းများ၊ ပုံနှိပ်စက်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ပုံနှိပ်စက်ရုံသို့ရောက်ရှိပြီး နိုင်ငံတော်အဆင့်ပုံနှိပ်စာအုပ်များ၊ အစိုးရဌာနများမှ အပ်နှံသောပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စာပြင်ဌာန၊ CTP ဌာန၊ ပလိတ်ကူးခန်း၊ ပုံနှိပ်စက်ခန်းများအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မြဝတီ

## သာသနာတော်ဆိုင်ရာအခမ်းအနားများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၁**

သာသနာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့်ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၁) စုပေါင်းအစည်းအဝေးခန်းမ(မြေညီထပ်)၌ ကျင်းပသည်။

ဦးစွာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဧပြီလ ၃၀ ရက်မှ မေလ ၂ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲနှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကျင်းပရန်ရှိပြီး နေပြည်တော်တွင်လည်း ဧပြီလ ၃၀ ရက်တွင် ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပရန်ရှိသည့်အတွက် ဌာနအလိုက် လုပ်ငန်းများဆောင်ရွက်ရန်ရှိသည်များကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် အခက်အခဲများရှိပါက အဆင့်ဆင့်တင်ပြဆောင်ရွက်ကြရန်လိုကြောင်း။




မိမိတို့သာသနာရေးဝန်ကြီးဌာနအနေနှင့် သင်္ဂါယနာလုပ်ငန်း၏ ပဓာနဖြစ်သည့် ပိဋကတ်ကျမ်းစာများကို ခဲစာလုံးမူမှ ကွန်ပျူတာမူအဖြစ်သို့ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအားလုံးတို့ကို အစုံလိုက် အတွဲလိုက် ပြန်လည် ရိုက်နှိပ်နိုင်ရေးဆောင်ရွက်ခဲ့ရာ ယခုအခါ အဋ္ဌကထာ ၅၁ အုပ်ကို အစုံလိုက် ရိုက်နှိပ်ပြီးဖြစ်၍ ပရိယတ္တိဝန်ဆောင်ဆရာတော် အရှင်မြတ်များနှင့် ပရိယတ္တိစာသင်တိုက်ကြီးများကို လှူဒါန်းလျက်ရှိကြောင်း၊ ဆက်လက်၍ ဋီကာ ၂၆ အုပ်ကို ကွန်ပျူတာစာမူအဖြစ် ရိုက်နှိပ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ “ပြည်သူလူထုအပေါ်တွင် တာဝန်ထမ်းဆောင်ရင်းဖြင့် ကုသိုလ်ပြုပါ” ဆိုသည့်ဆောင်ပုဒ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ထူးခြားသည့်နေ့အပူချိန်များ

၂၁-၄-၂၀၂၆

| | | | | |
|---|---|---|---|---|
| ချောက် | ၄၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၄၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၄၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၃ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၄၂ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |

■ **စာမျက်နှာ ၁၇ မှအဆက်**

စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့်လောင်စာဆီနှင့်သွင်းအားစုများရရှိနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ကြိုတင်စုဆောင်းဖြည့်တင်းထားရှိရန်လိုကြောင်း။

ယခင်နှစ်များအတွင်း ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ဖိဖိစီးစီး ကိုင်တွယ်ဖြေရှင်းတိုက်ဖျက်သွားကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍လည်း အဓိကထုတ်လုပ်နေသည့်နေရာများကို ဖော်ထုတ်ရှင်းလင်းတိုက်ဖျက်သွားနိုင်ရန်လိုကြောင်း။

နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) တွင် နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီးဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်၊ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်ဟုဖော်ပြပါရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နိုင်ငံခြားရေးမူဝါဒအဓိပ္ပာယ်ဖော်ပြချက်များကို တိတိကျကျသိရှိနားလည်ထားကြရန်နှင့် ၎င်းအပေါ်တွင်ရပ်တည်၍ ဆက်ဆံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသများနှင့်ပတ်သက်၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်ဆက်စပ်လျက်ရှိပြီး အရေးကြီးသည့်ကိစ္စရပ်တစ်ခုဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားမှသာလျှင် ငြိမ်းချမ်းရေးတည်ဆောက်မှုကိုလည်း အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရောထွေးမှုမရှိစေရေးအတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ကွဲပြားစွာသိရှိထားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)





သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

▲ **ကျောဖုံးမှအဆက်**

မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာပါဝင်စာရင်းပေးခဲ့သော ပြည်သူ့စစ်မှုထမ်းများကို သင်တန်းအမှတ်စဉ်များအလိုက် ခေါ်ယူလေ့ကျင့်ပေးပြီး တပ်ရင်း/ တပ်ဖွဲ့အသီးသီး၌ တာဝန်ထမ်းဆောင်စေလျက်ရှိသည်။

ထိုသို့ တပ်ရင်း/တပ်ဖွဲ့များ၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ အခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းပေးအပ်ခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်အပ်နှင်း စေလွှတ်ခဲ့ပြီးဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လာခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများတွင်လည်း ၎င်းတို့၏ အောင်မြင်စွာနှင့် ကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့မှုအပေါ် မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာဂုဏ်ယူမဆုံးဖြင့်သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုပန်းခြင်းများ၊ အောင်သပြေပန်းခက်များ၊ အိုးစည်ဒိုးပတ်များဖြင့် စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ဂုဏ်ပြုကြိုဆိုခဲ့ကြသည်ကိုတွေ့မြင်ခဲ့ရသည်၊ တာဝန်ပြီးမြောက်၍ မိသားစုများထံသို့ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် တပ်မတော်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်မှု၊ နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် ဝမ်းမြောက်မှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရခြင်းအပေါ် ပျော်ရွှင်ရမှုနှင့် ၎င်းတို့အပေါ်မိသားစုနှင့် ပတ်ဝန်းကျင်ကပါ ဂုဏ်ယူလေးစားစွာကြိုဆိုခဲ့မှုအပေါ် ကြည်နူးဂုဏ်ယူရမှုတို့ကို ၎င်းတို့၏ အိမ်ပြန်ခရီးကြိုဆိုမှုမြင်ကွင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ယခုကဲ့သို့တွေ့မြင်ရသည်။

အဆိုပါ နိုင်ငံ့သားကောင်းစစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့်တပ်မတော်ကပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့်အပြင် စစ်မှုထမ်းကာလပြီးမြောက်ပါက အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒပြုသည့် အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဧပြီ ၂၁

ယနေ့နံနက် ၆ နာရီ ၅၉ မိနစ် ၃၀ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ မြောက်ဘက် ၃၆ မိုင်ခန့် ကွာဝေးသော (Myanmar – India Border Region)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၇၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၄၆ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၅ ဒသမ ၁ (M)အဆင့်ရှိအင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/ဇလ)

ပညာရေးဖြင့်
ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်
တည်ဆောက်အံ့။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ရှိနယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင်စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ **အိုးစည် ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်**လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး ဒုတိယတိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားကာ အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်၊ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်စိုး၊ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးကျင်းပ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**❖ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအား ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ပါဝင်လာရေး ဆောင်ရွက်သွားရန်လို . . .**

**❖ ပြီးခဲ့သည့်ကာလများအတွင်း မိမိတို့နှင့် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများဆောင်ရွက်ခဲ့ပြီး နှစ်ဖက်သဘောတူညီချက်များရရှိခဲ့၊ သဘောတူညီချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ထည့်သွင်းဆွေးနွေးအတည်ပြုဆောင်ရွက်သွားမည်ဖြစ် . . .**

**❖ ပြည်သူများနှင့်အဓိကထိတွေ့ဆောင်ရွက်လျက်ရှိသည့် ရပ်ကွက်ကျေးရွာအဆင့်၊ မြို့နယ်အဆင့်များ၌ တာဝန်ယူထားရသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့်လည်း နိုင်ငံတော်မှချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများ၊ အုပ်ချုပ်ရေးအခြေခံသဘောတရားများကိုသိရှိနားလည်သော စွမ်းရည်ရှိသည့်အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြစ်ကြရန်လို . . .**

နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့်ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်တို့ တက်ရောက်ကြသည်။

**တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် မိမိတို့အစိုးရအဖွဲ့၏ ပထမဆုံး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကျင်းပပြုလုပ်စဉ် မိမိအနေဖြင့်ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာ ပြည်သူများ၏လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုဆောင်ရွက်ရာတွင် PDF အမည်ခံအကြမ်းဖက်သမားများနှင့်ပတ်သက်သည့်အပိုင်းနှင့် EAO များနှင့်ပတ်သက်သည့် အပိုင်းဟူ၍ နှစ်ပိုင်းရှိကြောင်း။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ပြီး အဆိုပါအချိန်တွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အစိုးရအဖွဲ့အနေဖြင့် ဥပဒေနှင့်အညီဖြေရှင်းဆောင်ရွက်မှုမရှိခဲ့ခြင်းကြောင့် တပ်မတော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ရမှုအပေါ် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်မှ နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်တွင် ၎င်းတို့အနေဖြင့် ဆူပူဆန္ဒပြမှုများသာပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ၎င်းတို့အနေဖြင့် နိုင်ငံရေးအရဖြစ်ပေါ်လာသည့်ပြဿနာကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းမှုမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း။

ထိုသို့အကြမ်းဖက်လမ်းစဉ်ကို လျှောက်လှမ်းခဲ့ခြင်းမှာ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းအားနည်းမှုနှင့် ပြည်တွင်းပြည်ပမှ လှုံ့ဆော်သွေးထိုးမှုများကို တွန်းလှန်နိုင်သည့် အသိအမြင်အားနည်းမှုများကြောင့်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ပွဲလန့်တုန်းဖျာခင်းလိုသည့် အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏နယ်မြေများသို့ ရောက်ရှိကြပြီး ပြည်ပမှထောက်ပံ့မှုများဖြင့် အကြမ်းဖက်သင်တန်းများတက်ရောက်ခြင်း၊ လက်နက်ခဲယမ်းများဝယ်ယူခြင်း၊ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခြင်းတို့ကို လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အချို့သောနယ်မြေဒေသများတွင် အဖျက်အမှောင့်လုပ်ရပ်များကိုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်နောက်ပိုင်းတွင် ၎င်းတို့အနေဖြင့် နိုင်ငံတော်၏သဘောထားနှင့် တပ်မတော်၏သဘောထားအမှန်များကို နားလည်သဘောပေါက်လာကာ ဥပဒေဘောင်အတွင်းသို့ တဖြည်းဖြည်းဖြင့် ဝင်ရောက်လာခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ ဆက်လက်လျှောက်လှမ်းလျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအား ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ပါဝင်လာရေး ဆောင်ရွက်သွားရန်လိုကြောင်း။

အလားတူ EAO အဖွဲ့များနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့များရှိသကဲ့သို့ လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် အဖွဲ့များလည်းရှိကြောင်း၊ ပြီးခဲ့သည့်ကာလများအတွင်း မိမိတို့နှင့် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများဆောင်ရွက်ခဲ့ပြီး နှစ်ဖက်သဘောတူညီချက်များရရှိခဲ့ကြောင်း၊ အဆိုပါ သဘောတူညီချက်များကို ပြည်ထောင်စုလွှတ်တော်တွင်ထည့်သွင်းဆွေးနွေးအတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးလိုသည်များရှိပြီး အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ

မှာ ၎င်းတို့၏အကျိုးအတွက် လက်နက်ကိုင်၍ ဆောင်ရွက်နေခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

**နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းရည်နှင့်စွမ်းအားများမြှင့်တင်**

တစ်ဆက်တည်းတွင် လုံခြုံရေးပိုင်းနှင့် ပတ်သက်၍ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းရည်နှင့်စွမ်းအားမြှင့်တင်ရေးကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းလုံခြုံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ရှိသော်လည်း မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်နေသည့် အခြေအနေအရ တပ်မတော်အနေဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပါဝင်ဖြေရှင်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများတွင်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို တပ်မတော်က ဖြေရှင်းဆောင်ရွက်သည်ကိုတွေ့ရှိနိုင်ကြောင်း။

ရဲတပ်ဖွဲ့တွင် နယ်မြေထိန်းသိမ်းသည့် ရဲတပ်ဖွဲ့ (Armed Force Police) နှင့် ဥပဒေစည်းကမ်းပိုင်းဆိုင်ရာထိန်းသိမ်းသည့် ရဲတပ်ဖွဲ့ (Law Force Police) ဟူ၍ နှစ်မျိုးရှိကြောင်း၊ လွန်ခဲ့သည့် ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေးနှင့်ပဋိပက္ခနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုများစွာရရှိခဲ့သည်ကို တွေ့မြင်ရကြောင်း၊ စနစ်တကျလေ့ကျင့်ဆောင်ရွက်ပေးသွားမည်ဆိုပါက ရဲတပ်ဖွဲ့ဝင်များ၏စွမ်းပကားများ ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၏ အင်အားတည်ဆောက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း။

ယခုမိမိတို့ တာဝန်ထမ်းဆောင်ချိန် ၅ နှစ်တာကာလအတွင်း နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းရည်နှင့်စွမ်းအားများ မြှင့်တင်ပေးသွားရန်လိုကြောင်း၊ စည်းကမ်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ကောင်းမွန်သည့်အကျင့် (Good Practice) များရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သွားလာနေထိုင်မှုနှင့် ဝတ်စားဆင်ယင်မှုများ စည်းကမ်းများကောင်းမွန်ရန်နှင့် အဂတိတရားကင်းရှင်းမှုများရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**စွမ်းရည်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့များဖြစ်အောင် စနစ်တကျလေ့ကျင့်ဆောင်ရွက်**

အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်သူများနှင့်အဓိကထိတွေ့ဆောင်ရွက်လျက်ရှိသည့် ရပ်ကွက်ကျေးရွာအဆင့်၊ မြို့နယ်အဆင့်များ၌ တာဝန်ယူထားရသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့်လည်း နိုင်ငံတော်မှချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများ၊ အုပ်ချုပ်ရေးအခြေခံသဘောတရားများကို သိရှိနားလည်သော စွမ်းရည်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြစ်ကြရန် လိုကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် အဂတိများကင်းရှင်းရန်လိုကြောင်း၊ ထို့ကြောင့် စွမ်းရည်ရှိသည့်အုပ်ချုပ်ရေးအဖွဲ့များဖြစ်အောင် စနစ်တကျလေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

**အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင်ပူးပေါင်းဆောင်ရွက်လျက်ရှိ**

အာဆီယံနှင့်ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဟု မိမိသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်အချိန်က မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားထားပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံဘုံသဘောတူညီချက်(၅)ရပ်ပါအချက်များတွင်ပါဝင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များနှင့် အခြားအချက်များကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုကွန်ရက်တွင် ဖော်ပြထားသည့် မှားယွင်းသော သတင်းအချက်အလက်များကိုအခြေခံပြီး မိမိတို့အပေါ် ဖိအားပေးလုပ်ဆောင်နေခြင်းများလည်းရှိကြောင်း၊ အချို့အာဆီယံအဖွဲ့ဝင်နိုင်ငံများက ပြင်ဆင်လိုကြသည်များလည်းရှိကြောင်း၊ အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်နိုင်ရေး မိမိတို့အနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

**တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြ**

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက အာဆီယံဘုံသဘောတူညီချက် (၅) ရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက်လည်း နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ အာဆီယံအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်လျက်ရှိမှုနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သည့်သဘောထားအမြင်များ ပြောင်းလဲထားရှိလာမှုအခြေအနေများကို လည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အရည်အချင်းရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေး၊ စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်ကောင်းမွန်စေရေးတို့အတွက် စွမ်းရည်မြှင့်တင်ခြင်းနှင့် လေ့ကျင့်သင်ကြားပေးသွားရန် လိုအပ်မှုတို့ကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတော်သမ္မတ၏ ဖိတ်ခေါ်ထားရှိမှုနှင့်ပတ်သက်၍ လွှတ်တော်စင်မြင့်တွင် ထည့်သွင်းဆွေးနွေးသွားမည့်အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက် အားလုံးပါဝင်သည့်တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့် အာဆီယံလွှတ်တော်အချင်းချင်းတွေ့ဆုံဆွေးနွေးဆောင်ရွက်နိုင်မည့်အခြေအနေများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက နယ်မြေဒေသအလိုက် စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်သွားမည့်အခြေအနေများ၊ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဝင်များအနေဖြင့် ဥပဒေဘောင်အတွင်းသို့ စဉ်ဆက်မပြတ်ဝင်ရောက်လာနေမှုအခြေအနေများ၊ နယ်မြေဒေသအလိုက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများအား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်မှုကာလပြည့်မြောက်ခဲ့သူများအား တိုင်းစစ်ဌာနချုပ်များအလိုက်ဂုဏ်ပြုပေးခဲ့သည့် အခြေအနေများကိုလည်းကောင်း။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်က ပြည်သူ့စစ်မှုထမ်းသင်တန်းများအား စဉ်ဆက်မပြတ်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက အချို့သောအာဆီယံနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေအပေါ် အပြုသဘောဆောင်သည့် ရှုမြင်သုံးသပ်ချက်များအား တွေ့မြင်ရရှိလာမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အကြံပြုတင်ပြချက်များကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေက မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ကာလအတွင်း အမှုအခင်းများဖြစ်ပွားခဲ့မှုနှင့် ယခင်ကာလတူ နှိုင်းယှဉ်သုံးသပ်တင်ပြချက်များ၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နယ်မြေဒေသလုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ တိုးတက်ဖွဲ့စည်းနိုင်ခဲ့မှု၊ မူးယစ်ဆေးဝါးများ စိစစ်ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့မှု၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အုပ်ချုပ်ရေးမှူးများ၏ စွမ်းဆောင်ရည်များတိုးတက်လာစေရေး စီမံဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က အချို့သောနယ်မြေဒေသများ၌ ယာယီနေရပ်စွန့်ခွာနေရသူများအား ၎င်းတို့၏နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုနှင့် ယာယီခိုလှုံရေးစခန်းများအား အပြီးတိုင်ပိတ်သိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံဖြတ်ကျော် မီးခိုးမြူငွေ့ပပျောက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆွေးနွေးချက်များနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကို နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများ၏ ရှေ့မှောက်၌ အဆင့်မီမီကျင်းပနိုင်ခဲ့ပြီး ပေါ်ထွက်လာခဲ့သည့် ဒီမိုကရေစီအစိုးရတစ်ရပ်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများနှင့် ပဋိပက္ခများကြောင့် နောက်ဆက်တွဲအနေဖြင့် နိုင်ငံတကာတွင် လောင်စာဆီအခက်အခဲများ ကြုံတွေ့ရလျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံအနေဖြင့်လည်း ရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ပြည်တွင်းလောင်စာဆီအခက်အခဲ၊ အကျပ်အတည်းများကို ဖြေရှင်းပေးနိုင်ရေး၊ **စာမျက်နှာ ၁၅ သို့** ■




ဒုတိယသမ္မတ ဦးညိုစောက ဆွေးနွေးတင်ပြစဉ်။




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ဆွေးနွေးတင်ပြစဉ်။

**❖ ပြည်တွင်းလောင်စာဆီအခက်အခဲ၊ အကျပ်အတည်းများကိုဖြေရှင်းပေးနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့်လောင်စာဆီနှင့်သွင်းအားစုများရရှိနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ကြိုတင်စုဆောင်းဖြည့်တင်းထားရှိရန်လို . . .**

**❖ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဆက်စပ်လျက်ရှိပြီး အရေးကြီးသည့်ကိစ္စရပ်တစ်ခုဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားမှသာလျှင် ငြိမ်းချမ်းရေးတည်ဆောက်မှုကိုလည်း အထောက်အကူဖြစ်စေနိုင်မည်ဖြစ် . . .**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# National Defence and Security Council of the Republic of the Union of Myanmar holds meeting in which President U Min Aung Hlaing delivers a speech



President of the Republic of the Union of Myanmar U Min Aung Hlaing delivers an address at the National Defence and Security Council meeting.

NAY PYI TAW April 21

The National Defence and Security Council of the Republic of the Union of Myanmar held its meeting at the meeting hall of the NDSC at the President's Office in Nay Pyi Taw at 1.30 pm today.

The meeting was attended by President U Min Aung Hlaing, Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, Union Minister for Defence General Tun Aung, Union Minister for Foreign Affairs U Tin Maung Swe, Union Minister for Home Affairs Lt-Gen Nyunt Win Swe and Union Minister for Border Affairs Lt-Gen Phone Myat.

**Only when the country is stable and peaceful can the socio-economic development of the people be advanced and the nation's economic growth be effectively promoted**

First, the President delivered an opening address, saying that it was the first meeting of the National Defence and Security Council of the government. As he has already stated during a Union Government meeting, the government will continue efforts related to peace. It is only when the country is stable and peaceful that the socio-economic development of the people and the nation's economic growth can be achieved. In maintaining national stability and peace, there are two aspects to consider: issues related to PDF-affiliated terrorists, and issues related to ethnic armed organizations (EAOs).

PDF terrorists emerged in the aftermath of allegations of voter fraud in the 2020 multi-party democratic general election. At that time, the government in office did not resolve the situation in accordance with the law, and as a result, the Tatmadaw assumed State responsibilities in line with the 2008 Constitution. This led to political disagreements that contributed to their emergence. When the Tatmadaw began carrying out State responsibilities, those PDF terrorists initially only engaged in protests and demonstrations. However, later on, due to instigation and incitement by domestic and foreign organizations and individuals who did not wish to see stability and development in the country, they chose to abandon political dialogue as a means of resolving political issues and instead adopted the path of armed violence.

Their adoption of the terrorism path was attributed to a lack of ability to distinguish between right and wrong, as well as insufficient awareness to resist instigation and incitement from both domestic and foreign sources. They entered the areas of certain ethnic armed organizations that took advantage of chaotic situations, received external support, attended terrorism training, purchased arms and ammunition, and carried out violent activities. The PDF terrorists are reported to have committed acts of sabotage in some areas between 2021 and 2023. Since 2024, they have begun to better understand the true positions of the State and the Tatmadaw and have gradually re-entered the legal framework. At present, efforts are being made to continue advancing in accordance with the multi-party democratic system desired by the people. Therefore, in the interest of national stability and peace, it is necessary to work towards bringing those referred to as PDF terrorists onto the path of peace.

With regard to EAOs, there are some groups that have signed the Nationwide Ceasefire Agreement (NCA), while others have not yet done so. In recent periods, discussions and negotiations have been held with certain ethnic armed organizations, and mutual agreements have been reached. These agreements will be submitted to the Pyidaungsu Hluttaw for discussion and approval. It is also observed that some ethnic armed organizations are willing to engage in peace talks, while others are continuing armed activities for their own interests.

**Enhancing the capabilities and power of Tatmadaw and the Myanmar Police Force for national defence**

He further stated that, in terms of security, it is necessary to continue enhancing the capabilities and power of Tatmadaw and the Myanmar Police Force. He noted that although the Myanmar Police Force is responsible for internal security, Tatmadaw has had to collaborate with police members to address and resolve the current situation in the country. He added that instances of the military resolving internal armed conflicts can be seen in other countries as well.

Also, he stated that there are two types of police forces: the Armed Force Police for regional control and the Law Force Police for maintaining law and order. He noted that over the past five years, members of the Myanmar Police Force have achieved significant success in internal security and conflict suppression duties. He added that if systematic training is provided, the capabilities of police members will increase even further. Furthermore, he emphasized the need to continue work on force building and capacity enhancement for members of both Tatmadaw and the Myanmar Police Force.

Then, he stated that during the current five-year term of duty, it is necessary to enhance the capabilities and power of the Tatmadaw and the Myanmar Police Force to ensure national stability and peace. Regarding discipline, he noted that training must be provided to instill good practices. Furthermore, he emphasized that measures must be taken to ensure disciplined conduct in daily life and attire, as well as to eliminate corruption.

**Conducting systematic training to develop capable administrative organizations**

He stated that regarding administrative organizations, those serving at the ward, village, and township levels, who are in direct contact with the public, must

See Page - 19

●● From Page - 18

be capable organizations that understand the rules, regulations, laws, and basic administrative principles laid down by the State. Furthermore, he noted that these administrative teams must be free from corruption. Therefore, he emphasized the need to conduct systematic training to ensure they become capable administrative organizations.

**Commitment to Stronger ASEAN Cooperation**

The President reaffirmed in his inaugural address his commitment to achieving the highest level of cooperation within ASEAN. He noted that Myanmar is actively cooperating on humanitarian matters and other key areas outlined in the Five-Point ASEAN Consensus. He added that the country is facing pressure driven by misinformation on social media, while some ASEAN member states are seeking to address these inaccuracies. The President emphasized that efforts will continue to strengthen ASEAN cooperation and expressed hope that members of the National Defence and Security Council will engage in collective discussions and coordinated action.

**Participants Present Key Discussions**

During the session, Vice President U Nyo Saw highlighted the Five-Point ASEAN Consensus, Myanmar's ongoing efforts to achieve internal peace through various approaches, ASEAN's humanitarian assistance to disaster-affected areas, and the positive stance of member states towards Myanmar. Vice President Daw Nan Ni Ni Aye underscored the importance of capacity building and training to develop capable administrative institutions and enhance management effectiveness.

Afterwards, Speaker of the Pyithu Hluttaw U Khin Yi discussed on the parliamentary podium the status of the President's invitation for achieving domestic peace, the need for inclusive dialogues to attain internal peace, and the necessary conditions for such efforts. Speaker of the Amyotha Hluttaw U Aung Lin Dway presented on Myanmar's focus on internal stability, peace, and rule of law, as well as potential parliamentary exchanges between Myanmar and ASEAN. Commander-in-Chief of Defence Services General Ye Win Oo reported on regional military operations, security, territorial control, law enforcement, future talks with ethnic armed organizations, the continuous return of armed insurgents into the legal framework, anti-narcotics efforts by region, the fight against online fraud and gambling, and the honoring of those who completed their military service by regional military commands.

Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin discussed the military's adherence to legal standards in fulfilling national defence duties. Union Minister for Defence General Tun Aung reported on the continuous operation of military conscription training courses. Union Minister for Foreign Affairs U Tin Maung Swe highlighted positive assessments from some ASEAN countries regarding Myanmar's actual situation and proposed further cooperative measures. Union Minister for Home Affairs Lt-Gen Nyunt Win Swe presented on crime incidents during the Myanmar New Year Thingyan period compared to previous years, the formation of regional security and counter-terrorism teams, drug seizure efforts, measures to improve the capacity of ward and village administrators, and ongoing efforts for local stability and rule of law. Union Minister for Border Affairs Lt-Gen Phone Myat reported on efforts to facilitate the return of temporarily displaced persons to their original homes, attempts to permanently close temporary relief camps, and cross-border haze elimination activities.

Afterward, the President reviewed the discussions and made concluding remarks, saying it is a democratic government that has emerged after holding a free and fair multi-party democracy general election in accordance with international standards before independent international observers. While the international community has faced fuel crises as a consequence of the current global political landscape and conflicts, the country is not an exception. To solve the domestic fuel crisis, it is necessary to stockpile fuel and inputs needed for agriculture and livestock breeding and manufacturing through various ways and means in advance.

It is important to continue to place emphasis on combat against online scams and gambling the country faced in previous years and to crack down on major drug production hubs to combat narcotics.

In international relations, the Constitution 2008 stipulates that the Union practices independent, active and non-aligned foreign policy aimed at world peace and friendly relations with nations and uphold the principle of peaceful coexistence among nations. Therefore, it is necessary for us to understand the definition of the provisions of the foreign policy precisely and to stand firmly on it in international relations.

In connection with border areas, as development of border areas is interrelated with the stability of the country and a major issue, placing emphasis on it will contribute to peace building. It is necessary for ethnic armed organizations to distinguish and understand development of border areas and peace processes in order not to confuse them. After the remarks of the President, the meeting concluded. **100**

# Myinmu Township harvests more than 4,000 acres of chickpea

MYINMU April 21

More than 4,000 acres of chickpea has been harvested in Myinmu Township of Sagaing Region, according to the Sagaing District Agriculture Department.

In Myinmu Township, during the current winter cropping season, chickpeas were cultivated on a total of 14,214 acres. Harvesting of the cultivated chickpea fields began in January this year, and as of today, 4,375 acres have been harvested, with an average yield of 18.98 baskets per acre.

"Myinmu Township planted 14,214 acres of chickpeas during the winter cropping season. At present, harvesting is ongoing, and more than 4,000 acres have already been completed. Chickpea cultivation has been increasing year by year. To ensure good yield and quality, we have been cooperating with farmers to provide quality seeds, necessary agricultural inputs, and post-harvest technologies," said Daw Myat Moe Win, District Head of the Sagaing District Department of Agriculture.

In Myinmu Township, farmers select high-yielding and regionally suitable varieties such as Yezin-8 and Yezin-11 for cultivation. The cost of cultivating chickpeas is reported to exceed Ks-300,000 per acre.

During this winter cropping season, in order to improve both yield and quality of various pulses, the necessary high-quality seeds, agricultural inputs, and post-harvest technologies have been provided in cooperation with farmers. Educational and extension activities have also been carried out to encourage the use of beneficial Trichoderma fungi during the cultivation of pulses, in coordination with lead farmers.

Sagaing Region is the largest pulses-producing region in the country in terms of cultivated area. Pulses are grown not only as a main crop but also as an intercropping and multiple-cropping crop, enabling farmers to cultivate them as an income-generating crop.

**SK**

# Local farmers reap more than 16,000 acres of chickpea in ChaungU Township

CHAUNGU April 21

According to the Township Agriculture Department, local farmers reaped more than 16,000 acres of chickpea in ChaungU Township of Sagaing Region.

In ChaungU Township, during the current winter cropping season, chickpeas were cultivated on 28,647 acres. Harvesting of the cultivated chickpea fields began in January this year, and as of today, 16,643 acres have been harvested against the target, with an average yield of 20.73 baskets per acre.

"During the winter cropping season in ChaungU Township, chickpeas were planted on 28,647 acres. At present, harvesting is ongoing, and more than 16,000 acres have already been completed. Chickpea cultivation has increased year by year. To ensure good yield and quality, we have been cooperating with farmers to provide quality seeds, necessary agricultural inputs, and post-harvest technologies," said U Tint Swe, Township Head of the ChaungU Township Department of Agriculture.

In ChaungU Township, farmers select high-yielding and regionally suitable varieties such as Yezin-8 and Yezin-11 for cultivation. The cost of cultivating chickpeas exceeds Ks-300,000 per acre.

During this winter cropping season, to improve the yield and quality of various pulses, necessary high-quality seeds, agricultural inputs, and post-harvest technologies are being provided in cooperation with farmers. Educational and extension activities have also been carried out, in coordination with lead farmers, to promote the use of beneficial Trichoderma fungi during pulses cultivation.

Sagaing Region is the largest pulses-producing region in the country in terms of total cultivated area. Pulses can be grown not only as a main crop but also as an intercropping and multiple-cropping crop, enabling farmers to cultivate them as an income-generating crop.

**SMK**

# UK special forces resigning en masse over war crimes probe – media



LONDON April 21

Soldiers from the UK's elite SAS force are resigning in significant numbers over fears of prosecution following human rights investigations into alleged war crimes, British media reports.

The probe largely focuses on British special forces operations in Afghanistan from 2010 to 2013, as well as missions in Syria and Northern Ireland.

A public inquiry is examining claims that troops carried out extrajudicial killings during night raids, including the shooting of detainees and unarmed civilians, and whether evidence was falsified and senior officers failed to investigate or concealed wrongdoing.

Members of 22 SAS, the British Army's elite special forces unit, have applied for "premature voluntary release," multiple outlets reported on Monday, citing insiders. The exact number of departures has not been disclosed, though at least two squadrons (D and G) are understood to have been affected.

Morale is s**t at the moment," one insider was quoted as saying. Another source described "considerable disquiet" within the regiment.


Lieutenant Colonel Richard Williams told LBC radio on Tuesday the growing number of departures from 22 SAS was driven by concerns among serving troops that actions during operations could later lead to investigations or potential arrest under human rights law.

Last month, it was revealed that 242 special forces troops, including 120 serving personnel, were being pursued by lawyers as part of human rights inquiries, according to a memoshared with SAS and Special Reconnaissance Regiment associations. The investigation, which some within the regiment have labeled a "witch hunt," examines UK secret operations, with troops facing legal sanctions if they fail to comply, the memo said.

In 2022, a BBC Panorama investigation identified 54 people shot dead in suspicious circumstances by one SAS unit during a six-month tour of Helmand province, with unarmed Afghan men allegedly "routinely shot dead in cold blood" and weapons planted on them.

**RT**

# Russia remains ready to resume oil transit to Hungary via Druzhba oil pipeline - Kremlin



MOSCOW April 21

Russia remains ready to resume oil transit to Hungary via the Druzhba oil pipeline, Kremlin spokesman Dmitry Peskov said on Tuesday.

"We have contractual obligations with Hungary, but after the blackmail of the Kiev regime began, these supplies were stopped. It all depends on the Kiev regime, whether they will open the pipe and whether they will stop blackmail... The Russian side remains technologically ready. We have contractual obligations with Hungary," Peskov told reporters.

Russia is in constant contact with the International Atomic Energy Agency (IAEA), including in the context of the situation in Iran, Peskov said.

"You know that we are in constant contact with the IAEA, especially since there are more and more issues in the critical area, in the problem area, which specifically concern the IAEA. including in the context of the war in Iran," Peskov told reporters.

Russia will participate in the consultations that will take place as part of the election of a new UN secretary-general, Dmitry Peskov said.

"Now everyone is going to have very, very difficult consultations. Of course, we will take part," Peskov told reporters, commenting on the election of a new UN head.

The Kremlin knows the head of the IAEA, Rafael Grossi, who will nominate his candidacy for the post of the new UN head, from a very good side, the official said, adding that Russia's position on the matter is consistent and Moscow knows many potential candidates, including Grossi.

The reports of plans by France and Poland to hold nuclear exercises confirm Europe's aspirations for further militarization and nuclearization, Peskov said.

"In this case we need to figure out the details of which weapons we are talking about, in which countries. But, of course, this once again probably shows the aspiration of Europe in terms of further militarization and nuclearization — in terms of nuclear weapons," Peskov told reporters, commenting on media reports of possible nuclear exercises in France and Poland.

Such aspirations for a further militarization and nuclearization do not contribute to stability and predictability on the Eruopean continent, Peskov added.

**Sputnik**

# Japan lifts arms export restrictions -Cabinet

TOKYO April 21

The Japanese government has amended its arms export regulations, Chief Cabinet Secretary Minoru Kihara announced at a press conference.

"Today, at a cabinet meeting, a decision was made to amend some of the three principles for arms exports. These decisions will ensure Japan's security in the rapidly changing security situation around our country. To protect peace in our country and the region, it is necessary to promote arms exports and enhance the defence capabilities of allied countries," Kihara said.

**Sputnik**

# Still no formal Iranian confirmation of attending renewed Islamabad talks: Pakistani official

ISLAMABAD April 21

Pakistan is still awaiting Iran's formal confirmation of its delegation for the Islamabad peace talks, the country's Information and Broadcasting Minister Attaullah Tarar said in a social media post on Tuesday.

Tarar said Pakistan, acting as a mediator, remains in constant contact with Tehran and continues to pursue diplomacy and dialogue. He said Iran's decision to attend the talks before the two-week ceasefire deadline is critical.

He added that Pakistan has made sincere efforts to persuade the Iranian leadership to join the second round of talks, and these efforts continue.

**Xinhua**

# Russia delivers humanitarian aid to Lebanon

MOSCOW April 21

A special flight operated by Russia's emergency authorities has delivered more than 27 tons of humanitarian aid to Lebanon to assist civilians affected by the ongoing military conflict, the Russian Ministry of Emergency Situations said Tuesday.

The humanitarian cargo included mobile power generators, food supplies, tents, blankets, mattresses and pillows, aimed at supporting displaced and vulnerable populations.

The ministry noted that the operation was carried out in accordance with instructions from Russian President Vladimir Putin.

**Xinhua**

# President of the Republic of the Union of Myanmar U Min Aung Hlaing receives delegation led by Chairman of the Standing Committee of Heilongjiang People's Congress and Communist Party Secretary of Heilongjiang

NAY PYI TAW April 21

A delegation led by H.E.Mr. Xu Qin, Chairman of the Standing Committee of Heilongjiang People's Congress and Communist Party Secretary of Heilongjiang province, paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Palace Reception Hall this morning.

At the call, cordial talks were centred on fraternal ties alongside the long-term improvement in friendship and cooperation between the leaders of the two countries, bilateral establishment of a community that stands together through thick and thin in accord with the five principles of peaceful co-existence, further promotion of cooperation between Myanmar and Heilongjiang province and between the two countries, exchange of visits between high-level leaders of the two countries, further enhancement of cooperation in multiple sectors including science and technology, industrial, agriculture, security, tourism, health, culture, youth and education sectors, opportunities to develop agricultural undertakings, jointly manufacture farm products, develop agro-science through cooperation, promote cooperation in the energy sector, ongoing joint efforts to increase investment and trade between the two countries through Myanmar-China Investment and Trade Promotion Association, establishment of sister-city between Harbin and Yangon, and further promotion of cooperation in multi sectors between Myanmar and Heilongjiang province.

President U Min Aung Hlaing and H.E. Mr. Xu Qin exchanged commemorative gifts and posed for documentary photos together with the attendees.



President of the Republic of the Union of Myanmar U Min Aung Hlaing receives H.E Mr. Xu Qin, Chairman of the Standing Committee of Heilongjiang People's Congress and Communist Party Secretary of Heilongjiang province.

Also present at the call together with the President were Union Minister for the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe, and Nay Pyi Taw Council Chairman U Kan Myint Than. H.E. Mr. Xu Qin was accompanied by Ambassador of PRC to Myanmar H.E. Ms. Ma Jia and members of the delegation.

**100**

# Sesame plantations reaped on Kyaukmyaung Sub-Township

KYAUKMYAUNG April 21

According to the sub-Township Agriculture Department, local farmers have harvested all sown acreage of sesame in Kyaukmyaung Sub-Township of Sagaing Region.

In Kyaukmyaung Sub-Township, a total of 13,125 acres of sesame were cultivated during the winter cropping season. Harvesting of the cultivated sesame fields began in January this year, and to date, 100 percent of the acreage has been harvested, with an average yield of 14.20 baskets per acre.

"During the winter cropping season in Kyaukmyaung Sub-Township, 13,125 acres of sesame were planted. At present, harvesting has been completed on all acres. Sesame cultivation has been increasing year by year. Sesame is mainly cultivated during the winter season rather than the monsoon season. As an edible oil crop, it is in a successful condition," said Daw Khin Win, Head of the Sub-Township Department of Agriculture.

In Kyaukmyaung Sub-Township, the Township Department of Agriculture provided awareness to sesame growers on expanding sesame cultivation, applying proper cultivation techniques, adopting Good Agricultural Practices (GAP), using quality and pure seeds, and selecting high-yielding varieties.

The crops produced in GAP system can have higher quality than other crops and fetch higher prices. Moreover, these crops have favour to secure foreign market in addition to domestic market. Hence, the farmers who grow the crops in GAP can enjoy more benefit from cultivation and higher socio-economic life.

**SK**

# More than 1,600 acres of black gram planted in Sagaing Township

SAGAING April 21

Statistics of Sagaing Township Agriculture Department stated that local farmers grew 1,675 acres of black gram as cold season crops in Sagaing Township of Sagaing Region this year.

During the 2025-2026 winter crop season, Sagaing Township has targeted 1,910 acres of black gram cultivation. Planting began in October 2025, and to date, 1,675 acres have been completed.

"We targeted 1,910 acres of black gram cultivation during the winter crop season in Sagaing Township and have planted 1,675 acres. During the planting period, we are also conducting field visits to provide necessary technical assistance, quality seeds, and guidance on pest and disease prevention," said U Myo Thant Aung, Head of the Sagaing Township Department of Agriculture.

The Township Department of Agriculture is providing farmers cultivating black gram with technical support to ensure access to locally suitable quality seeds and pure varieties, correct cultivation practices, effective pest control, systematic use of fertilizers, and improved yields.

During this year's winter crop season, in cultivating various pulses and beans, the relevant Township Department of Agriculture is cooperating with farmers to provide necessary quality seeds, agricultural inputs, and post-harvest technology to ensure good yield and quality of pulse crops.

**SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများ၌ စိုက်ပျိုးထားသည့် ပိန္နဲပင်များ အောင်မြင်ဖြစ်ထွန်းပြီး အသီးသီးနှုန်းကောင်းမွန်



ကျောက်ပန်းတောင်း ဧပြီ ၂၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများ၌ စိုက်ပျိုးထားသည့် ပိန္နဲပင်များ အောင်မြင်ဖြစ်ထွန်းပြီး အသီးသီးနှုန်း ကောင်းမွန်ခြင်းကြောင့် ပိန္နဲစိုက်တောင်သူများ အဆင်ပြေမှုရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် လဲဂွ၊ လက်ပံအိုင့်၊ ဝွေးကုန်း၊ လျော်တော၊ နဂါးလည်၊ စီးမ၊ ဆည်ကျေးရွာများသည် ပိန္နဲပင်ကို အဓိကစိုက်ပျိုးသည့် ကျေးရွာများ ဖြစ်သည်။ အဆိုပါကျေးရွာများရှိ ပိန္နဲစိုက်တောင်သူများသည် ပိန္နဲမျိုးပင်များကို ပြင်ဦးလွင်မြို့သို့ သွားရောက်ဝယ်ယူကြပြီး စိုက်ပျိုးရာတွင် တစ်ပင်နှင့်တစ်ပင် ၁၂ ပေခြား စိုက်ပျိုးရကြောင်း၊ မစိုက်ပျိုးမီ တစ်ပေခွဲပတ်လည်တူးကာ မြေဆီမြေဆွေးထည့်ပြီး ၁၅ ရက်ခန့်ရေလောင်းနပ်ထားရကြောင်း၊ ပိန္နဲပင်များ စတင်စိုက်ပျိုးပြီး တစ်နှစ်ခွဲခန့်အကြာတွင် စတင်အပွင့်ပွင့်၊ အသီးသီးသော်လည်း အသီးများမတင်ဘဲ နှစ်နှစ်ခွဲသား အပင်မှသာ အသီးစသီးကြောင်း လဲဂွကျေးရွာ၌ ပိန္နဲစွန့်ဦးစိုက်ပျိုးသူ ဦးသောင်းတင်က ပြောသည်။

ပိန္နဲပင်တစ်ပင်လျှင် ပိန္နဲသီးအနည်းဆုံး သုံးလုံးမှ အလုံးလေးဆယ်အထိသီးကြောင်း၊ ပိန္နဲသီးတစ်လုံးလျှင် လေးပိဿာမှ ဆယ့်လေးပိဿာအထိရှိကြောင်း၊ ပိန္နဲသီးရောင်းချရာတွင် တစ်လုံးချင်းမရောင်းချဘဲ ပိဿာချိန်အရှိအတိုင်း ရောင်းချကြကြောင်း သိရသည်။

ပိန္နဲသီးများသည် တစ်နှစ်ပတ်လုံး အပွင့်ပွင့်၊ အသီးသီးပြီး ပိန္နဲသီးရင့်၊ မရင့် ခူးဆွတ်ချိန်တွင် အညှာအား ဓားထစ်ကြည့်ရကြောင်း၊ ပိန္နဲအစေးကျဲလျှင် ရင့်မှည့်ကာ အစေးပျစ်လျှင် မရင့်သေးကြောင်း ပိန္နဲစိုက်တောင်သူများကပြောသည်။

ပိန္နဲသီးများ ခူးဆွတ်ချိန်တွင် ကုန်သည်၊ ပွဲစားများက စိုက်ခင်းများအထိလာရောက်ဝယ်ယူခြင်းကြောင့် ခရီးစရိတ်သက်သာခြင်း၊ ဖောက်သည်မရှာရခြင်းများကလည်း ပိန္နဲစိုက်တောင်သူများအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်းနှင့် လက်ရှိတွင် ပိန္နဲသီးများအရောင်းသွက်နေခြင်းကြောင့် ပိန္နဲစိုက်တောင်သူများ တွက်ခြေကိုက် အဆင်ပြေမှုရှိကြောင်း သိရသည်။

ဒီပါလင်း

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

မြို့သစ် ဧပြီ ၂၁

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲရန် ကံဆွယ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီလ ၂၁ တွင် အဆိုပါကျေးရွာ စုရပ်ဆောင်၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသူအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲပါကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏တာဝန်များနှင့် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒဖြင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အထွေး

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျုံပျော် ဧပြီ ၂၁


ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လတစ်လတာကာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ်၌ ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်နွယ်၏ပြောပြချက်အရ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ရန်ကုန်ဈေးကွက်ကို ကျုံပျော်မြို့နယ်ကထွက်တဲ့ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ တခြားပဲတွေလည်း တင်ပို့ရောင်းချပေမယ့် ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ပိုပြီးဝယ်လိုအားကောင်းနေတာကြောင့် အများအပြားတင်ပို့ရောင်းချနေရတာဖြစ်ပါတယ်။ ဒေသထွက်ပဲနဲ့ စပါးတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာဖြစ်ပါတယ်"ဟု ဒေါ်တင်နွယ်ကပြောသည်။

ကျုံပျော်မြို့နယ်မှထွက်ရှိသည့် ဗိုလ်ကိတ်ပဲများ ဝယ်လိုအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလာကြောင်း သိရသည်။

သုတကျော်




# ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး



သာစည် ဧပြီ ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျွဲတပ်ဆုံကျေးရွာအုပ်စု ဆူးပုတ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဧပြီလ ၂၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် ဆူးပုတ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေ ငွေကျပ် ၄၄ ဒသမ ၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆူးပုတ်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးအတွက် ငွေကျပ် ၉ ဒသမ ၅၅ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦးအတွက် ငွေကျပ် ၃၄ ဒသမ ၉၅ သန်း စုစုပေါင်း ၁၃၇ ဦးအတွက် ငွေကျပ် ၄၄ ဒသမ ၅ သန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# Economics and Climate Change

## နိုင်ထူးစုစည်းသည်

## ဒေါ်လာငွေကြေးပြတ်လပ်မှုအန္တရာယ်ကို ကာကွယ်ရန်အတွက် ယွမ်ငွေကြေးအား ပြောင်းလဲအသုံးပြုမည်ဟု အမေရိကန်ကိုဖိအားပေးလိုက်သည့် အာရပ်စော်ဘွားများပြည်ထောင်စု



အာရပ်စော်ဘွားများပြည်ထောင်စုသည် လက်ရှိဖြစ်ပွားနေသည့် အီရန်စစ်ပွဲနှင့်စပ်လျဉ်း၍ အမေရိကန်အစိုးရထံမှ ဘဏ္ဍာရေးဆိုင်ရာ အာမခံချက်တစ်ခု ရရှိရန် ဖိအားပေးသည့်အနေဖြင့် ရေနံရောင်းဝယ်မှုတွင် တရုတ်ယွမ်ငွေကို ပြောင်းလဲအသုံးပြုသွားမည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း Wall Street Journal သတင်းဌာနကဖော်ပြသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ ပြုလုပ်ခဲ့သော အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်နှင့် တွေ့ဆုံဆွေးနွေးစဉ်အတွင်း အာရပ်စော်ဘွားများပြည်ထောင်စု ဗဟိုဘဏ်ဥက္ကဋ္ဌ ခါလက် မိုဟာမက် ဘာလာမားက ထိုသို့ပြောကြား၍ အမေရိကန်ဒေါ်လာ၏ အဓိကကျသော အခန်းကဏ္ဍအပေါ် သွယ်ဝိုက်ခြိမ်းခြောက်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသည့် အမေရိကန်အရာရှိများကိုကိုးကား၍ သတင်းဌာနက ပြီးခဲ့သည့် သီတင်းပတ်အကုန်ပိုင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံအပေါ် အမေရိကန်၏စစ်ရေးအရတိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာသောစီးပွားရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများ ဆက်လက်မြင့်တက်လာပါက အာရပ်စော်ဘွားများပြည်ထောင်စု အနေဖြင့် ဒေါ်လာငွေကြေးပြတ်လပ်မှုအန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် အရေးပေါ်ငွေကြေးအကူအညီများ လိုအပ်လာနိုင်သည်။

ထို့ကြောင့် အာရပ်စော်ဘွားများပြည်ထောင်စုအနေဖြင့် ဒေါ်လာပြတ်လပ်မှုကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ရေနံကုန်သွယ်မှုပြုလုပ်ရာတွင် ဒေါ်လာငွေကြေးအစား တရုတ်ယွမ်ငွေကိုအစားထိုးအသုံးပြုနိုင်ဖွယ်ရှိသည်ဟု ဘာလာမားက ပြောကြားခြင်းဖြစ်သည်။

သို့ရာတွင် အာရပ်စော်ဘွားများပြည်ထောင်စု၏ ပြောဆိုချက်နှင့်စပ်လျဉ်း၍ အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ အစီအစဉ်တစ်ရပ်ကို ကမ်းလှမ်းနိုင်သော်လည်း ပုံမှန်အားဖြင့် ထိုကဲ့သို့သောအစီအစဉ်များကို အမေရိကန်ဗဟိုဘဏ်ကသာ ကိုင်တွယ်ဆောင်ရွက်လေ့ရှိသောကြောင့် အာရပ်စော်ဘွားများပြည်ထောင်စုအတွက် အမေရိကန်ဗဟိုဘဏ်မှ ခွင့်ပြုချက်ရရှိရန်မှာ မဖြစ်နိုင်သည့်အခြေအနေတွင်ရှိနေကြောင်း သတင်းဌာနကဆက်လက်ဖော်ပြထားသည်။

အီရန်နိုင်ငံသည် လက်ရှိဖြစ်ပွားနေသည့် စစ်ပွဲအတွင်း အမေရိကန်နှင့်၎င်း၏ မဟာမိတ်နိုင်ငံများအတွက် ကုန်ကျစရိတ်များနှင့် အသုံးစရိတ်များမြင့်တက်လာစေရန်ရည်ရွယ်သည့် အချိုးမညီဖိအားပေးရေးမဟာဗျူဟာကို ကျင့်သုံးလျက်ရှိသည်။ အဆိုပါမဟာဗျူဟာအရ ပင်လယ်ကွေ့နိုင်ငံများရှိ အမေရိကန်စစ်အခြေစိုက်စခန်းများနှင့် အခြားအရေးကြီးနေရာများကို တုံ့ပြန်တိုက်ခိုက်ရာတွင် အာရပ်စော်ဘွားများပြည်ထောင်စုသည် အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရပြီး အီရန်တပ်မတော်၏ ဒုရန်းနှင့်ဒုံးကျည်အစင်းပေါင်း ၂၈၀၀ ကျော်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရခြင်းကြောင့် စီးပွားရေးအရ အလွန်အထိနာစေခဲ့သည်ဟု သတင်းများတွင်ဖော်ပြထားသည်။

Ref: RT

## အမေရိကန်က အီရန်ကုန်တင်သင်္ဘောတစ်စင်းကို သိမ်းယူလိုက်ပြီးနောက် ရေနံဈေးနှုန်းများမြင့်တက်



ဟော်မုဇ်ရေလက်ကြားအနီးတွင် အီရန်နိုင်ငံအလံလွှင့်ထူထားသော ကုန်တင်သင်္ဘောတစ်စင်းကို အမေရိကန်က သိမ်းယူလိုက်ပြီးနောက် ရေနံဈေးနှုန်းများမြင့်တက်လာခြင်းကြောင့် ရေနံတင်ပို့မှုဆိုင်ရာစိုးရိမ်ပူပန်မှုများကို အသစ်တစ်ဖန်ဖြစ်ပေါ်စေခဲ့သည်။

ရေနံဈေးနှုန်းသည် သီတင်းပတ်ပေါင်းများစွာ အတက်အကျ မတည်မငြိမ်ဖြစ်နေပြီးနောက် ဧပြီ ၂၀ ရက်တွင်ထင်ရှားသည့် ဘရန့်ရေနံဈေးနှုန်းမှာ ၆ ရာခိုင်နှုန်းကျော် မြင့်တက်ကာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၆ ဒေါ်လာအထက်သို့လည်းကောင်း၊ West Texas Intermediate ၏ ဈေးနှုန်းမှာ ၈၈ ဒေါ်လာအထက်သို့လည်းကောင်း အသီးသီးရောက်ရှိလာခဲ့သည်။

ဧပြီ ၁၉ ရက်တွင် အိုမန်ပင်လယ်ကွေ့အတွင်း အီရန်အလံလွှင့်ထူထားသော Touska အမည်ရှိ ကုန်တင်သင်္ဘောကို အမေရိကန်စစ်သင်္ဘောတစ်စင်းက ပစ်ခတ်သိမ်းယူခဲ့ပြီးနောက် ရေနံဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်သည်။

အဆိုပါ အီရန်ကုန်တင်သင်္ဘောသည် အမေရိကန်ရေတပ်၏ပိတ်ဆို့မှုကိုချိုးဖောက်ကာ ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် ဘန်ဒါအားဘတ်ဆိပ်ကမ်းသို့ ဆိုက်ကပ်ရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အမေရိကန်၏အဆိုပါလုပ်ဆောင်ချက်ကို လက်နက်ကိုင်ရေကြောင်းဓားပြမှုဟု အီရန်နိုင်ငံက ပြစ်တင်ရှုတ်ချခဲ့ပြီး နှစ်နိုင်ငံအကြား ဧပြီ ၈ ရက်မှစ၍ ချမှတ်ထားသော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်ခြင်းဖြစ်သည်ဟုစွပ်စွဲကာ ဖမ်းဆီးထားသော အဆိုပါသင်္ဘောမှ ရေယာဉ်အမှုထမ်းများကို ပြန်လွှတ်ပေးရန် တောင်းဆိုထားသည်။

Ref: RT

## အိန္ဒိယနှင့် နှစ်ဦးနှစ်ဖက်စလုံးအကျိုးရှိစေမည့် ကုန်သွယ်ရေးသဘောတူညီချက်ချမှတ်နိုင်ရန် အမေရိကန်ကြိုးပမ်း



အမေရိကန်ပြည်ထောင်စုအနေဖြင့် အိန္ဒိယနိုင်ငံနှင့်နှစ်ဦးနှစ်ဖက်စလုံးအကျိုးရှိစေမည့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ချမှတ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း အိန္ဒိယနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဆာဂျီယို ဂေါ်က ပြောကြားသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူညီချက်ကို အပြီးသတ်ချမှတ်နိုင်ရန်အတွက် အိန္ဒိယကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ယခုသီတင်းပတ်အတွင်း အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့သို့ရောက်ရှိလာမည်ဖြစ်ကြောင်း ဂေါ်က ဧပြီ ၂၀ ရက်တွင် ပြောကြားသည်။

အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့အကြား ကျင်းပမည့် အဆိုပါဆွေးနွေးပွဲများသည် နှစ်နိုင်ငံကုန်သွယ်ရေးစာချုပ်ကို အပြီးသတ်ချုပ်ဆိုနိုင်ရန်အတွက် ကြီးမားသောခြေလှမ်းသစ်တစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း ဂေါ်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်အစိုးရက အိန္ဒိယနိုင်ငံမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် အခွန် ၅၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမည်ဟု ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်းက ကြေညာခဲ့ပြီးနောက် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်စပ်လျဉ်း၍ စေ့စပ်ဆွေးနွေးမှုများ လပေါင်းများစွာလုပ်ဆောင်ခဲ့ပြီးနောက် အမေရိကန်နှင့် အိန္ဒိယအစိုးရတို့အကြား ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ယာယီကုန်သွယ်ရေးသဘောတူညီချက်ချမှတ်နိုင်ခဲ့ခြင်းကြောင့် အဆိုပါသဘောတူညီချက်ကို အပြီးသတ်ချမှတ်နိုင်ရန် အမေရိကန်က ကြိုးပမ်းလာခြင်းဖြစ်သည်။

Ref: RT

## သေးငယ်သောအပိုင်းအစများအဖြစ် ပြိုကွဲသွားသည့် ကမ္ဘာ့အကြီးဆုံး A23a ရေခဲတောင်ကြီး

A23a ဟုအမည်ပေးထားသည့် ကမ္ဘာ့အကြီးဆုံးရေခဲတောင်ကြီးသည် ယခုအခါ သေးငယ်သော အပိုင်းအစများအဖြစ် ပြိုကွဲသွားပြီဖြစ်ကြောင်း ဝင်ရိုးစွန်းဒေသလေ့လာရေးပညာရှင်များက ဧပြီ ၂၁ ရက်တွင်ပြောကြားလိုက်သည်။

အာတိတ်နှင့် အန္တာတိတ် သုတေသနအဖွဲ့(AAI)မှကျွမ်းကျင်သူများသည် အဆိုပါရေခဲတောင်ကြီးကို လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ကြာ စောင့်ကြည့်လေ့လာခဲ့ကြသည်။ သို့သော် အဆိုပါကမ္ဘာ့အကြီးဆုံး A23a ရေခဲတောင်ကြီးသည် ၎င်းတည်ရှိခဲ့သည့် သက်တမ်းတစ်လျှောက်တွင် မူလဧရိယာ ၉၉ ရာခိုင်နှုန်းခန့်မှာ ပြုန်းတီးပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်ဟု သုတေသနအဖွဲ့၏ ပြန်ကြားရေးဌာနက ဆက်လက်ပြောကြားထားသည်။

၁၉၈၆ ခုနှစ်တွင် အန္တာတိတ်တိုက်မှ စတင်ကွဲထွက်လာစဉ်က အဆိုပါရေခဲတောင်ကြီး၏ အရွယ်အစားသည် ရှိုဒ်ကျွန်းစု၏နှစ်ဆနီးပါးရှိပြီး အကျယ်အဝန်းအားဖြင့် စတုရန်းကီလိုမီတာ ၄၀၀၀ ခန့်ရှိခဲ့သည်။

သို့သော် ၂၀၂၅ ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလတို့အတွင်း ရေခဲတောင်မှ ကြီးမားသောအပိုင်းအစများစွာ ထပ်မံကွဲထွက်သွားပြီးနောက် ဒီဇင်ဘာလတွင် ရောက်ရှိလာသော ပူနွေးသည့်နွေရာသီအခြေအနေများကြောင့် ၎င်းရေခဲတောင်၏ အရွယ်အစားမှာ ပိုမိုကျုံ့သွားခဲ့သည်။

အမေရိကန်အမျိုးသားရေခဲပြင်စင်တာ၏ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအစောပိုင်းတွင် ရေခဲတောင်၏ ဧရိယာမှာ စတုရန်းကီလိုမီတာ ၁၁၈၂ (စတုရန်းမိုင် ၄၅၆ မိုင်) သာကျန်ရှိတော့ကြောင်းသိရသည်။

Ref: Iv, Nasa

# အီရန်နှင့်ဖြစ်ပွားနေသည့် ပဋိပက္ခများဖြေရှင်းနိုင်ရေးအတွက် လုပ်ဆောင်နေသည့် ဆွေးနွေးညှိနှိုင်းမှုများတွင် ခိုင်လုံသည့်အချက်အလက်များကိုမူမတွေ့ရဟု ရုရှားပြော

မော်စကို၊ နိုင်ငံရေး

အီရန်နိုင်ငံနှင့်ဖြစ်ပွားနေသည့် ပဋိပက္ခများကိုဖြေရှင်းနိုင်ရေးအတွက် အမေရိကန်အစိုးရကလုပ်ဆောင်နေသည့် ဆွေးနွေးညှိနှိုင်းမှုများတွင် ခြိမ်းခြောက်မှုများနှင့် ကတိကဝတ်ပြုမှုများကိုသာ သတိထားမိသော်လည်း ခိုင်လုံသည့်အချက်အလက်များကိုမူမတွေ့ရသေးကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့က ဧပြီလ ၂၁ ရက်တွင် ပြောကြားလိုက်သည်။

အမေရိကန်အစိုးရ၏ ခိုင်လုံသည့်အချက်အလက်များကို တွေ့မြင်ရသေးခြင်းမရှိကြောင်း၊ အီရန်အနေဖြင့် ဤအရာကို လုပ်ဆောင်မည်ဆိုပါက ကြီးပွားတိုးတက်မည် စသည့်ကတိကဝတ်ပြုမှုနှင့် ခြိမ်းခြောက်မှုများကိုသာ တွေ့မြင်ရကြောင်း လစ်ဗျားနိုင်ငံခြားရေးဝန်ကြီး တာဟာ အယ်လ်ဘာအာဝါနှင့် ပူးတွဲကျင်းပသည့်သတင်းစာရှင်းလင်းပွဲတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ဗရော့ကထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ရုရှားအစိုးရအနေဖြင့် အီရန်နိုင်ငံ၏ရပ်တည်ချက်ကို နားလည်ကြောင်း၊ အီရန်အစိုးရဘက်ကမူ ၎င်းတို့သည် မရေရာသည့်ကတိအမှားများဖြင့် ထောင်ချောက်ဆင်ခံခဲ့ရပြီးဖြစ်သည်ဟု ပြောကြားထားကြောင်း လက်ဗရော့က ဆက်လက်ပြောကြားထားသည်။

ထို့ပြင် လက်ရှိအရှေ့အလယ်ပိုင်းဒေသတွင်ဖြစ်ပွားနေသည့် ပဋိပက္ခအား အဆုံးသတ်နိုင်မည့် နည်းလမ်းများအဖြစ်



စေ့စပ်ဆွေးနွေးလျက်ရှိသည့် အခြေခံမူများသည် မည်မျှအထိ ရေရှည်ခိုင်မြဲမှုရှိမည်ဆိုသည့်အပေါ် သက်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံများအနေဖြင့် မည်မျှအထိ ယုံကြည်မှုရှိနေကြသည်ကို နားလည်ရန် ခက်ခဲကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံသည် အမေရိကန်နှင့်ချုပ်ဆိုထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အကြိမ်ပေါင်းများစွာ ချိုးဖောက်ခဲ့သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဧပြီ ၂၁ ရက်တွင် စွပ်စွဲပြောဆိုထားသည်။ သို့သော် အီရန်နိုင်ငံက အပစ်ရပ်စဲရေးကို မည်ကဲ့သို့ချိုးဖောက်ခဲ့သည်ဆိုသည့် ခိုင်လုံသောသာဓကများကိုမူ အမေရိကန်အစိုးရကထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။ ထို့ပြင် အမေရိကန်အစိုးရအနေဖြင့်လည်း အီရန်နှင့်ချုပ်ဆိုထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ထပ်မံသက်တမ်းတိုးမြှင့်ရန် ဆန္ဒမရှိဟု သမ္မတထရမ့်က ဧပြီ ၂၁ ရက်တွင် CNBC သတင်းဌာနနှင့်ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်း၌ပြောကြားခဲ့ကြောင်း သိရသည်။

Ref: Iv

# ပြည်ပသို့ လက်နက်ခဲယမ်းများတင်ပို့ရောင်းချမှု ပိတ်ပင်ချက်ကိုဖြေလျှော့ရန် ဂျပန်ဆုံးဖြတ်

တိုကျို၊ စစ်ရေးမူဝါဒ

ဂျပန်အစိုးရသည် ဒုတိယကမ္ဘာစစ်အပြီးမှစတင်၍ကျင့်သုံးခဲ့သော လက်နက်ခဲယမ်းများ ပြည်ပသို့တင်ပို့ရောင်းချမှု ပိတ်ပင်ချက်ကိုဖြေလျှော့ရန် သမိုင်းဝင်ဆုံးဖြတ်ချက်တစ်ခုကို ဧပြီ ၂၁ ရက်တွင် ချမှတ်ခဲ့ကြောင်းသိရသည်။




ဂျပန်အစိုးရ၏ ယခုဆုံးဖြတ်ချက်သည် ၎င်းတို့၏ ပစိဖိတ်မူဝါဒမှ လုံးဝပြောင်းလဲလာသည့် ဆောင်ရွက်ချက်ဖြစ်လာခဲ့ပြီး လက်ရှိတွင် ယူကရိန်းစစ်ပွဲ၊ အရှေ့အလယ်ပိုင်းဒေသတွင်ဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခများနှင့် ဒေသတွင်းလုံခြုံရေးအရ ခြိမ်းခြောက်မှုများကြောင့် ထွက်ပေါ်လာသည့်စိန်ခေါ်မှုများကို တန်ပြန်ရန်အတွက် ချမှတ်ခဲ့ခြင်းဖြစ်သည်။

သို့သော် လက်ရှိတွင် ဂျပန်နိုင်ငံအနေဖြင့် ၎င်းတို့၏ လက်နက်တင်ပို့မှုကို လက်နက်ကိုင်ပဋိပက္ခများတွင် ပါဝင်ပတ်သက်ခြင်းမရှိသောနိုင်ငံများကိုသာ ရောင်းချခွင့်ပြုမည်ဖြစ်သည်။

ပြောင်းလဲလိုက်သည့်မူဝါဒအရ ဂျပန်နိုင်ငံအနေဖြင့် ၎င်းတို့ထုတ်လုပ်ထားသည့် စစ်သင်္ဘောများ၊ ဒုံးကျည်များနှင့် အခြားလက်နက်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့တင်ပို့နိုင်မည်ဖြစ်သည်။

သို့သော်လည်း ဂျပန်နိုင်ငံအနေဖြင့် ကမ္ဘာ့လက်နက်ဈေးကွက်တွင် ခြေကုပ်ရယူနိုင်ရန် လွယ်ကူမည်မဟုတ်ပေ။ အကြောင်းမှာ ပြီးခဲ့သည့်နှစ်များအတွင်း ကမ္ဘာ့အကြီးဆုံး လက်နက်တင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည့် တောင်ကိုရီးယားနိုင်ငံနှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့်ဖြစ်ကြောင်းသိရသည်။

Ref: Iv, CNBC

# အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးမြှင့်ရန် အမေရိကန်နှင့်အီရန်အား ပါကစ္စတန်တောင်းဆို

အစ္စလာမ်မာဘတ်၊ နိုင်ငံရေး

အီရန်နှင့်အမေရိကန်တို့အကြား ဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခကိုအဆုံးသတ်နိုင်ရေးအတွက် အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးမြှင့်ရန် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး အီရှက်ဒါးက ဧပြီ ၂၁ ရက်တွင် တောင်းဆိုလိုက်သည်။

အပစ်အခတ်ရပ်စဲရေး စေ့စပ်ဆွေးနွေးရန်အတွက် အီရန်နှင့်အမေရိကန် ကိုယ်စားလှယ်အဖွဲ့များက ပါကစ္စတန်နိုင်ငံသို့ ဧပြီ ၂၁ ရက်တွင် ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့သို့ ရောက်ရှိလာမည်ဟု ပါကစ္စတန်အစိုးရကမျှော်လင့်ထားသည်။

အမေရိကန်ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဂျေဒီဗန့်က ဦးဆောင်ပြီး အီရန်ကိုယ်စားလှယ်အဖွဲ့ကိုမူ အီရန်လွှတ်တော်ဥက္ကဋ္ဌ မိုဟာမက် ဘာဂါ ဂါလီဘတ်က ဦးဆောင်မည်ဖြစ်ကြောင်း အယ်လ်ဟာဒက်ရပ်သံက ထုတ်ပြန်သည်။ သို့သော် အီရန်နိုင်ငံဘက်မှ အဆိုပါစေ့စပ်ဆွေးနွေးပွဲသို့ တက်ရောက်မည်ဟုတ်၊ မဟုတ် အတိအကျထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။

အီရန်ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်နှင့်စေ့စပ်ဆွေးနွေးရာတွင် အီရန်အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ ဖိအားပေးမှုများနှင့် ရင်ဆိုင်နေရခြင်းကြောင့် အမေရိကန်နှင့်လုပ်ဆောင်မည့် စေ့စပ်ဆွေးနွေးမှုများတွင် နှောင့်နှေးခဲ့ရသည်။ အကြောင်းမှာ အီရန်အနေဖြင့် အမေရိကန်အစိုးရနှင့်စေ့စပ်ဆွေးနွေးရာတွင် ရပ်တည်ချက်ခိုင်မာစွာထားရှိရန် အီရန်အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့က အီရန်ကိုယ်စားလှယ်အဖွဲ့အားဖိအားပေးတောင်းဆိုထားခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ယခုကျင်းပမည့် စေ့စပ်ဆွေးနွေးပွဲ၌ နှစ်ဦးနှစ်ဖက်အကြား သဘောတူညီချက်ချမှတ်နိုင်ခြင်းမရှိပါက အမေရိကန်အစိုးရက အီရန်အပေါ် ဗုံးကြဲတိုက်ခိုက်မှုများကို ပြန်လည်စတင်လုပ်ဆောင်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ခြိမ်းခြောက်ထားကြောင်း သိရသည်။

အလားတူပင်အမေရိကန်ကိုယ်စားလှယ်အဖွဲ့အားဦးဆောင်သည့် ဒုတိယသမ္မတဗန့်သည် မဖြစ်နိုင်သည့်တောင်းဆိုချက်များကိုလုပ်ဆောင်ခြင်းကြောင့် ၎င်းနှင့်ဆွေးနွေးရန် အီရန်ကိုယ်စားလှယ်အဖွဲ့က အလိုမရှိကြောင်း ကျွမ်းကျင်သူတစ်ဦးဖြစ်သူ တီဟီရန်တက္ကသိုလ်မှ ပါမောက္ခ မိုဟာမက် မာရန်ဒီက ပြောကြားထားကြောင်း သိရသည်။

Ref: Iv, Xinhua




# ဂျပန်နိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်ခတ်မှုတွင် လူခြောက်ဦးဒဏ်ရာရရှိ




တိုကျို၊ သဘာဝဘေး

ဂျပန်နိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိငလျင်လှုပ်ခတ်မှုကြောင့် လူခြောက်ဦးဒဏ်ရာရရှိသွားကြောင်း ဒေသတွင်းသတင်းစာတစ်စောင်က ဧပြီ ၂၁ ရက်တွင် ဖော်ပြသည်။

ငလျင်လှုပ်ခတ်မှုသည် ဧပြီလ ၂၀ ရက်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများအနက် နှစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိပြီး အခြားလေးဦးမှာ အနည်းငယ်သာဒဏ်ရာရရှိခဲ့ကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးဝန်ကြီး ဂျီရိုအာကာမာက ပြောသည်။

ငလျင်လှုပ်ခတ်မှုအပြီးတွင် အာဏာပိုင်များက ကမ်းခြေဒေသများ၌ ဆူနာမီသတိပေးချက်များထုတ်ပြန်ခဲ့ရကြောင်း နစ်ပိုသတင်းစာက ဖော်ပြသည်။

သို့ရာတွင် အဆိုပါငလျင်လှုပ်ခတ်မှုအတွင်း နိုင်ငံအတွင်းရှိနျူကလီးယားစက်ရုံများ၌ ပျက်စီးမှုတစ်စုံတစ်ရာဖြစ်ပွားခဲ့ခြင်းမရှိကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအဖွဲ့က ထုတ်ပြန်ထားကြောင်းသိရသည်။

Ref: Iv

# နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုတည်ဆောက်ရာတွင် ပညာရည်မြင့်မားရေးနှင့်တန်းတူ ကျန်းမာကြံ့ခိုင်သည့်နိုင်ငံသားများဖြစ်လာစေရန် ပဓာနကျ

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အားကစားရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးနှင့်အထက် အရာထမ်းများနှင့်တွေ့ဆုံခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက နိုင်ငံ၏အနာဂတ်အတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍကို အခြေခံအဆင့်ကစပြီး မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်ဒီမိုကရေစီနိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် ထူးချွန်ထက်မြက်ပြီး လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အသိပညာ၊ အတတ်ပညာရှင်များ များစွာလိုအပ်ကြောင်း၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုတည်ဆောက်ရာတွင် ပညာရည်မြင့်မားရေးနှင့်တန်းတူ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြစ်လာစေရန်ပဓာနကျကြောင်း၊ အားကစားကဏ္ဍမြင့်မားလာရေးနှင့်ပတ်သက်၍ လူငယ်လူရွယ်များ၏ ကိုယ်လက်ကြံ့ခိုင်မှုများ တိုးတက်လာစေရေးပညာသင်ကြားသည့်အရွယ်တွင် အခြေခံပညာကျောင်းများ၌ ကိုယ်လက်လှုပ်ရှားမှုများနှင့် အားကစားဆောင်ရွက်မှုများကို စနစ်တကျလုပ်ဆောင်နိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း။



အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အားကစားပြုလုပ်နိုင်ရန်အတွက် နေရာများရှိရန်လိုကြောင်း၊ အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football For School Program ကိုလည်း အားကစားရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပေါင်းစပ်၍ ရက်ပေါင်း ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်းရှိကျောင်းများ၌ Pilot Project အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာ့အားကစားအဆင့်အတန်း ပြန်လည်ဦးမော့လာစေရေးနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်အတွက် အောင်မြင်မှုဆုတံဆိပ်များရယူပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားကြောင်း သိရသည်။ **မြဝတီ**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ရုရှားနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ရေးစစ်ဆေးနိုင်ခဲ့ပြီး ပြည်ပနိုင်ငံသား ၅ ဦးအား အပြစ်ပေးအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်အတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ရုရှားနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့သည့် ရုရှားနိုင်ငံသားတစ်ဦးအား သက်ဆိုင်ရာနိုင်ငံသို့လွှဲပြောင်းပေးအပ်နိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

ဆက်လက်ပြီး တရုတ်နိုင်ငံသားနှစ်ဦးအား ပြည်ဝင်ခွင့်ဗီဇာစည်းကမ်းဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) အရ ၁၂-၄-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ တရုတ်နိုင်ငံသားနှစ်ဦးအား မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်မှုဖြင့် ၁၅-၄-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ တရုတ် (တိုင်ပေ) မှတစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့်ပတ်သက်၍ ၁၅-၄-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားစွဲဆိုအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၂၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ၁၃၄၀၅ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၂၁ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့်ပြည်ပနိုင်ငံသား ၇၄၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၅ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၂၂-၄-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၇၃၅ | ၄၉၂၀ | ၄၈၆၀ | ၄၇၅၀ | ၄၉၂၀ | ၄၉၃၅ | ၄၉၈၅ | ၄၈၃၀ | ၄၉၈၅ | ၅၃၀၅ | ၄၈၅၅ | ၅၁၀၅ | ၄၉၅၅ | ၄၉၁၀ | ၄၉၁၀ | ၅၁၂၀ |
| 95 Ron | ၄၉၄၅ | ၅၁၃၅ | ၅၀၇၅ | ၄၉၆၅ | ၅၁၃၅ | ၅၁၄၅ | ၅၂၀၀ | ၅၀၄၅ | ၅၂၀၀ | ၅၅၁၅ | ၅၀၆၅ | ၅၃၂၅ | ၅၁၇၀ | ၅၁၂၅ | ၅၁၂၅ | ၅၃၃၅ |
| HSD (500 ppm) | ၆၄၈၅ | ၆၆၆၅ | ၆၆၀၅ | ၆၅၀၀ | ၆၆၆၅ | ၆၆၇၅ | ၆၇၂၅ | ၆၅၈၀ | - | ၇၀၃၀ | ၆၆၀၀ | ၇၄၅၀ | ၆၇၀၀ | ၆၆၅၅ | ၆၆၅၅ | ၆၈၆၀ |
| HSD (50 ppm) | ၇၇၅၅ | ၇၉၄၀ | ၇၈၈၀ | ၇၇၇၀ | ၇၉၄၅ | ၇၉၅၅ | ၈၀၀၅ | ၇၈၅၀ | ၈၀၀၅ | ၈၃၂၅ | ၇၈၇၅ | ၈၁၀၅ | ၇၉၈၀ | ၇၉၃၀ | ၇၉၃၀ | ၈၁၄၅ |
| HSD (10 ppm) | ၇၇၅၅ | ၇၉၄၀ | ၇၈၈၀ | ၇၇၇၀ | ၇၉၄၅ | ၇၉၅၅ | ၈၀၀၅ | ၇၈၅၀ | | ၈၃၂၅ | ၇၈၇၅ | ၈၁၀၅ | ၇၉၈၀ | ၇၉၃၀ | ၇၉၃၀ | ၈၁၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၉၂ | ၄၆၁၆ |
| 95 Ron | ၄၆၉၉ | ၄၈၂၇ |
| HSD (500 ppm) | ၆၂၀၉ | ၆၃၆၃ |
| HSD (50 ppm) | ၇၄၁၇ | ၇၅၉၆ |
| HSD (10 ppm) | ၇၄၁၇ | ၇၅၉၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းနိုင်ရေး ကွင်းဆင်းစစ်ဆေး



**ရေနံချောင်း ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဝက်လွတ်ကျေးရွာအုပ်စု တောင်ရှားတောကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ဧပြီလ ၂၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ တောင်ရှားတောကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ တောင်ရှားတောကျေးရွာ၌ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅သိန်းနှင့် ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေတို့ကို အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေဒ်လူး**



### အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့်ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကိုရှောင်ကြဉ်ပါ။

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသ၍ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(မတ်လ၊ ၂၀၂၆)**

# ဒေးဒရဲမြို့နယ်၌ အခြေခံ English Grammar သင်တန်းဖွင့်လှစ်သင်ကြား

**ဒေးဒရဲ ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ပြင်ပဗဟုသုတတိုးပွားစေရန်နှင့် ထူးချွန်သည့်ကျောင်းသား၊ကျောင်းသူများပေါ်ထွန်းလာစေရန် အင်္ဂလိပ်စာအရည်အသွေးမြင့်မားလာစေရေးရည်ရွယ်၍ အခြေခံ (English Grammar) ရေးသားနည်း သင်တန်းအား ဧပြီလ ၂၀ ရက်ညနေပိုင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား၊ ကျောင်းသူများ ပြင်ပဗဟုသုတ တိုးပွားစေရေးနှင့် အင်္ဂလိပ်စာအရေးအသားများ တိုးတက်လာစေရေး ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ သင်တန်းနည်းပြဆရာမ ဒေါ်မိုးကြည်က အခြေခံ English Grammar ရေးသားနည်းများကို ရှင်းလင်းသင်ကြားပေးလျက်ရှိသည်။

အဆိုပါအခြေခံ English Grammar သင်တန်းကို ဧပြီလ ၂၀ ရက်မှ ၂၄ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိရာ မြို့ပေါ် ရပ်ကွက်များမှ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

**အေဇာလင်း**

## MWD Variety Channel ၂၂-၄-၂၀၂၆ (ဗုဒ္ဓဟူးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၉:၂၀ | ရှာဖွေလေ့လာပြတိုက်မှာ | ၃။ | ၁၄:၂၀ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၂။ | ၁၁:၅၀ | နိုင်ငံ့ဂုဏ်ရောင်မြှင့်တင် ဖော်ဆောင် ထူးချွန်ထင်ရှား တပ်မတော်သား အားကစားသမားများ | ၄။ | ၁၆:၂၀ | သိလိုသမျှ ကျန်းမာရေးကဏ္ဍာ |

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၀၇၈၊ ၀၆၃-၂၀၂၈၀၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၈၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

SERVICES

★Current Deposit Account
★Savings Deposit Account
★Fixed Deposit Account
★Call Deposit Account
★Scholarship Funding Services
★Loans , Overdraft and Hire Purchase System
★Gift Cheque Services and Payment Order Services
★Safe Deposit Locker
★ATM / POS Services / MPU Debit Card / Credit Card
★MIR Card POS Services / MIR Card Cashout (MMK) Via POS
★Mobile Banking and Internet Banking Services
★Foreign Banking Services with Russian Banks

“ စိတ်ချရတာ မြဝတီဘဏ် ”



Phone:
(01) 2301367, 2301368
(01) 2301452, 2301378

MPU UnionPay

# ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ



➢ပါရမီ(YBS)
09-459448201



➢ရွှေမန်းသူ
09-254781060



➢ မန္တလေးအခြေစိုက်
09-426500153



➢တော်ဝင်
09-423333250



➢ ပါရမီတက္ကစီ
01-3643641



➢ကုန်စည်
09-440619258


ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

# AMM အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

We Protect The Family

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!




● နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
● အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
● ၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

# 2026 Ballon d;Or ဆုရရှိရန် ရေပန်းစားမှုတွင် ဘိုင်ယန်မြူးနစ်အသင်းမှဟယ်ရီကိန်း ထိပ်ဆုံး၌ဦးဆောင်



ဘာလင် ဧပြီ ၂၁

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူးဟယ်ရီကိန်းသည် 2026 Ballon d;Or ဆုရရှိရန် ရေပန်းစားမှုတွင် ထိပ်ဆုံး၌ ဦးဆောင်လျက်ရှိကြောင်း သိရသည်။

ဟယ်ရီကိန်းသည် ယခုဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်း ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဆုဆွတ်ခူးနိုင်ရာတွင် အဓိကကစားသမားအဖြစ် ပါဝင်သကဲ့သို့ ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် ဂျာမန်စူပါဖလားပြိုင်ပွဲတို့၌ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ရာတွင်လည်း အဓိကကစားသမားအဖြစ်ပါဝင်ခဲ့သူဖြစ်ကာ ဆုဖလားသုံးလုံးဆွတ်ခူးနိုင်ရန် မျှော်လင့်ချက်ရှိနေခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၌ ၂၇ ပွဲကစားပြီးချိန်တွင် ၃၂ ဂိုးသွင်းယူနိုင်သကဲ့သို့ ပြိုင်ပွဲစုံ ၄၇ ပွဲကစားပြီးချိန်တွင် ၅၃ ဂိုးအထိ သွင်းယူနိုင်ပြီးနောက် 2026 Ballon d;Or ဆုရရှိရန် ရေပန်းစားနေခြင်းဖြစ်ပြီး ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းနှင့်အတူ အောင်မြင်မှုရယူနိုင်ပါက သေချာပေါက်ဆွတ်ခူးနိုင်ဖွယ်ရှိနေခြင်းဖြစ်သည်။

2026 Ballon d;Or ဆုရရှိရန် ရေပန်းစားမှုတွင် ဟယ်ရီကိန်း၏နောက်၌ အသင်းဖော် အိုလီဆီ၊ ဘာစီလိုနာအသင်းမှ ယာမယ်၊ အာဆင်နယ်အသင်းမှ ဒီကလန်ရိုက်စ်၊ ရီးယဲလ်မက်ဒရစ်အသင်းမှ အမ်ဘာပီ၊ ပီအက်စ်ဂျီအသင်းမှ ဒမ်ဘီလီ၊ ရီးယဲလ်မက်ဒရစ်အသင်းမှ ဗင်နီစီးယပ်၊ ပီအက်စ်ဂျီအသင်းမှ ဗီတင်ဟာတို့က အစဉ်လိုက်ရပ်တည်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# လီဗာပူးအသင်းက ဗဟိုခံစစ်ကစားသမား ကိုနာတေးအား ၂၀၂၈ ခုနှစ်အထိ နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိထား

လန်ဒန် ဧပြီ ၂၁

လီဗာပူးအသင်းက ဗဟိုခံစစ်ကစားသမား ကိုနာတေးအား ၂၀၂၈ ခုနှစ်အထိ နှစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိထားကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် ကိုနာတေးသည် ၂၀၂၀ ခုနှစ်က လိုက်ပဇစ်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

လီဗာပူးအသင်းက ဗဟိုခံစစ်ကစားသမား ကိုနာတေးအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသည့်အတွက် ယခုဘောလုံးရာသီအစပိုင်းကတည်းက သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းခဲ့သော်လည်း ကိုနာတေးက ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် အစောပိုင်းက အသင်း၏သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကို အကြိမ်ကြိမ်ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက လိုအပ်ချက်များရှိနေသည့် အသင်းခံစစ်ပိုင်းအတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ကိုနာတေးအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူလိုပြီး ကိုနာတေးကိုယ်တိုင်က ပြောင်းရွှေ့ကစားလိုနေခြင်းဖြစ်သည်။

သို့သော် နောက်ပိုင်းတွင် ကိုနာတေးသည် ၎င်း၏ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ပြီး လီဗာပူးအသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီခဲ့သည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းကလည်း ၎င်းအားခေါ်ယူမည့်အစီအစဉ်ကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

ယခုအခါ လီဗာပူးအသင်းနှင့် ကိုနာတေးတို့ ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး ယခုဘောလုံးရာသီမကုန်ဆုံးမီ အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။ *Ref;Top Skills Sports UK*

# အာဆင်နယ်အသင်းက ကိုင်ဟာဗက်ကိုရောင်းချပြီး အက်သလက်တီကိုအသင်းမှ အယ်ဗာရက်အား ခေါ်ယူရန်ကြိုးပမ်းနေ



လန်ဒန် ဧပြီ ၂၁

အာဆင်နယ်အသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်းမှ ကိုင်ဟာဗက်ကိုရောင်းချပြီး အက်သလက်တီကိုအသင်းမှ အယ်ဗာရက်အား ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

အယ်ဗာရက်သည် ၂၀၂၄ ခုနှစ်က မန်စီးတီးအသင်းမှ အက်သလက်တီကိုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ကာ အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပထမဆုံးဘောလုံးရာသီတွင်ပင် ပြိုင်ပွဲစုံ ၅၄ ပွဲကစားပြီး ၂၉ ဂိုးသွင်းယူနိုင်သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံပေါင်း ၅၀ ကစားပြီးချိန်တွင် ၁၉ ဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှု ၁၀ ကြိမ် ပြုလုပ်ထားနိုင်ခဲ့သူဖြစ်သည်။

သို့သော် အယ်ဗာရက်သည် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာပြီး ဘာစီလိုနာအသင်းထံ ပြောင်းရွှေ့ကစားလိုသော်လည်း ဘာစီလိုနာအသင်း၏ ငွေကြေးပိုင်းအကျပ်အတည်းများကြောင့် ခေါ်ယူရန်ခက်ခဲနေချိန်တွင် အာဆင်နယ်အသင်းက ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် အသင်းအထောင် တိုက်စစ်ပိုင်းတွင် ကိုင်ဟာဗက်အနေဖြင့် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသည့်အတွက် ၎င်းကို လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချပြီး အယ်ဗာရက်နှင့် အစားထိုးလိုခြင်းဖြစ်သည်။

အယ်ဗာရက်အား အာဆင်နယ်အသင်းအပြင် ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကလည်း ခေါ်ယူရန် ကြိုးပမ်းလျက်ရှိပြီး အက်သလက်တီကိုအသင်းက အယ်ဗာရက်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၀၀ သတ်မှတ်ဖွယ်ရှိနေသည်။

တိုက်စစ်ကစားသမား အယ်ဗာရက်သည် မန်စီးတီးအသင်းတွင် ကစားခဲ့စဉ်ကတည်းက ထိပ်တန်းအဆင့်ရှိခြေစွမ်းပြနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲနှင့်လည်း အတွေ့အကြုံရှိသည့်ကစားသမားတစ်ဦးဖြစ်သည့်အတွက် အာဆင်နယ်အသင်းက ဦးစားပေးအဖြစ် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Top Skills Sports UK*

# Laureus World Young Sportsperson of Year ဆုကို ယာမယ်ဆွတ်ခူးရရှိ

ဘာစီလိုနာ ဧပြီ ၂၁

Laureus World Young Sportsperson of Year ဆုကို ဘာစီလိုနာအသင်းမှ လူငယ်တိုက်စစ်ကစားသမား ယာမယ်က ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

Laureus က နှစ်စဉ် အားကစားလောကမှ ထူးချွန်သူများကို Laureus ဆုပေးပွဲအခမ်းအနားကျင်းပကာ ရွေးချယ်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်အတွက် အဆိုပါဆုကို ယာမယ်က ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လူငယ်တိုက်စစ်ကစားသမား ယာမယ်သည် ယခုဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး ဘာစီလိုနာအသင်းသည် စပိန်လာလီဂါဆုဖလားအတွက် အခြေအနေကောင်းများ ပိုင်ဆိုင်လျက်ရှိရာ အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်နေသကဲ့သို့ စပိန်အသင်းတွင်လည်း အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်နိုင်ခဲ့ပြီးနောက် ယခုနှစ်တွင် အဆိုပါဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ Laureus တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို စပိန်နာမည်ကြီးတင်းနစ်ကစားသမား အယ်ကာရက်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Laureus.com*

# ဒေးဒရဲမြို့နယ်၌ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ




ဒေးဒရဲ ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ပြင်ပဗဟုသုတတိုးပွားစေရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဧပြီလ ၂၀ ရက်က နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းကို မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား၊ ကျောင်းသူများ ကိုယ်အမူအရာ၊ နှုတ်အမူအရာများ ယဉ်ကျေးသိမ်မွေ့စေရန်၊ မိမိကိုယ်ကို ယုံကြည်မှုရှိ၍ လူမှုဆက်ဆံရေးတွင် ပိုမိုကောင်းမွန်စွာ ဆက်ဆံတတ်စေရန်နှင့် လူမှုအသိုင်းအဝိုင်းတွင် သာယာချမ်းမြေ့သော ပတ်ဝန်းကျင်တည်ဆောက်နိုင်ရန် ရည်ရွယ်၍ ယဉ်ကျေးလိမ္မာသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာမ ဒေါ်မိုးသီတာအောင်က အခြေခံဗုဒ္ဓဘာသာ၊ ယဉ်ကျေးခြင်းဆိုင်ရာများနှင့် (၃၈)ဖြာမင်္ဂလာတရားတော်များကို သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို ဧပြီလ ၂၀ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ပြီး အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားကြကြောင်း သိရသည်။

အေဇာလင်း

# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ



ရွှေတောင် ဧပြီ ၂၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဧပြီလ ၂၁ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုသန့်က ကျောင်းသား၊ ကျောင်းသူများအား လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ လူကုန်ကူးမှုတားဆီးရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ အပူဒဏ်အန္တရာယ်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေးနံရံကပ်စာစောင်၊ စာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

# ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားလာစေရန် ဒုတိယအကြိမ် အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်

တောင်ငူ ဧပြီ ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ အသိပညာဗဟုသုတ တိုးပွားလာစေရန် ရည်ရွယ်၍ ဒုတိယအကြိမ် အခြေခံကွန်ပျူတာသင်တန်းကို တောင်ငူမြို့ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ဧပြီလ ၂၀ ရက်က ဖွင့်လှစ်သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြ ဦးလှမင်းဟန်(ပညာရေးဌာန)က အခြေခံကွန်ပျူတာဘာသာရပ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဧပြီလ ၂၀ ရက်မှ မေလ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတက်ရောက်၍ အခြေခံကွန်ပျူတာဘာသာရပ်များကို နေ့စဉ်နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။




ဇော်ကိုကို (တောင်ငူ)

# ရေကြည်မြို့နယ် အညာတန်းကျေးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

ရေကြည် ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ညောင်ငူကျေးရွာအုပ်စု အညာတန်းကျေးရွာ၌ ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီလ ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလိန်းကွီးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ လျှပ်စစ်မီးလင်းရေး ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၁၃၂၀ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးသည်။

အညာတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် စီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၁၂၅ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၃၁ ဒသမ ၃ သိန်း စုစုပေါင်း ငွေကျပ် ၁၅၆ ဒသမ ၃ သိန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် မတ်လကစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ

# ဆိပ်ဖြူမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

ဆိပ်ဖြူ ဧပြီ ၂၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ခြင်မှတစ်ဆင့်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် တခြားသောရောဂါများ ဖြစ်ပွားမှုလျော့ကျနိုင်ရေးအတွက် ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ဧပြီလ ၂၁ ရက်တွင် ပြုလုပ်သည်။

အဆိုပါလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ခြင်ကြောင့်ဖြစ်ပွားတတ်သောရောဂါများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခြင်မှတစ်ဆင့်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တခြားသောရောဂါများ ဖြစ်ပွားမှုလျော့ကျနိုင်ရေး ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိစေရန် ဒေသခံပြည်သူများ၏ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ စွန့်ပစ်အမှိုက်များ စနစ်တကျစွန့်ပစ်ရေး၊ ရေဆိုးမြောင်းများ စနစ်တကျစီးဆင်းရေး၊ ပိုးလောက်လမ်းများပေါက်ပွားမှုမရှိစေရန် မိမိတို့နေအိမ်၌ အသုံးပြုလျက်ရှိသော ရေတွင်း၊ ရေကန်၊ ရေအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ရေး စသည့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပြီး ရေတွင်းရေကန်များအတွင်း အဘိတ်ဆေးများ ခတ်ပေးခဲ့ကြောင်း သိရသည်။

ကိုဖွဲ့(အညာမြေ)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**ဆောင်းပါး**

ကမ္ဘာမြေနေ့ အထိမ်းအမှတ် ဆောင်းပါး

## ကမ္ဘာမြေကျန်းမာဖို့ တို့တစ်တွေဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစို့

စာ - ၁၃ သို့

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများကျင်းပပြုလုပ်နိုင်ရန် လေးနက်စွာဖိတ်ခေါ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ**
**ကြေညာချက်အမှတ် ၁ / ၂၀၂၆**
**၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်**
**(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပါသည်။

၂။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများကျင်းပပြုလုပ်နိုင်ရန် အောက်ပါအတိုင်း လေးနက်စွာဖိတ်ခေါ်အပ်ပါသည်-

(က) NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ NCA ပါ သဘောတူညီချက်များကို ပြီးစီးအောင်မြင်သည်အထိ အတူတကွ ပူးတွဲအကောင်အထည်ဖော်နိုင်ရေး တွေ့ဆုံဆွေးနွေးရန်။

(ခ) NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဒေသနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နှစ်ဖက်သဘောတူညီထားသည့် သဘောတူညီချက်များအတိုင်း နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေး တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ကြပါရန်။

(ဂ) NCA လက်မှတ်ရေးထိုးထားပြီး အကြောင်းအမျိုးမျိုးကြောင့် NCA လမ်းကြောင်းမှ သွေဖည်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများဖြင့် ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းအဖြေရှာနိုင်ရေးအတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှု (Political Dialogue) များ ပြန်လည်လုပ်ဆောင်ပါရန်။

(ဃ) ယနေ့မှစ၍ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်အတွင်း ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို အသိအမှတ်ပြုလျက် ဆွေးနွေးပွဲများ ဆောင်ရွက်သွားရန်။

၃။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် တိုင်းရင်းသားပြည်သူလူထု၏ အကျိုးစီးပွားနှင့် ငြိမ်းချမ်းရေးဆန္ဒကို ရှေးရှုပြီး နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန်နှင့် ထိရောက်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများဖြစ်မြောက်ရေးအတွက် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ Stakeholder များမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ**

# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

**နေပြည်တော် ဧပြီ ၂၂**

"နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ

**စာမျက်နှာ ၁၅ ကော်လံ ၁ ▲**



သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

## ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၅)အဆန်/အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထား တိုက်ရိုက်စတင်ပြေးဆွဲမည်

စာ - ၁၁ သို့

